မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီ ၁၂ ရက်၊ သောကြာနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၀၄)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အာဆီယံထိပ်သီးညီလာခံနှင့် ထိပ်သီးအစည်းအဝေးများတက်ရောက်ရန် ဖိလစ်ပိုင်နိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်

နေပြည်တော် ဇန်နဝါရီ ၁၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာမာဂါပါကဲလ်အာရိုယို၏ ဖိတ်ကြားချက်အရ ဖိလစ်ပိုင်သမ္မတနိုင်ငံ စီးဘူးမြို့၌ ကျင်းပမည့် (၁၂)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံ၊ တတိယအကြိမ် ကမ္ဘောဒီးယား–လာအို–မြန်မာ–ဗီယက်နမ် ထိပ်သီးအစည်းအဝေး၊ အာဆီယံ+၃ ထိပ်သီးအစည်းအဝေး၊ အာဆီယံ–တရုတ်ထိပ်သီးအစည်းအဝေး၊ အာဆီယံ–ဂျပန်ထိပ်သီးအစည်းအဝေး၊ အာဆီယံ–ကိုရီးယားထိပ်သီးအစည်းအဝေး၊ အာဆီယံ–အိန္ဒိယထိပ်သီးအစည်းအဝေးနှင့် ဒုတိယအကြိမ် အရှေ့အာရှထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် ယနေ့နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ အထူးလေယာဉ်ဖြင့် ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်းအား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဗိုလ်ချုပ်ရဲမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ

စာမျက်နှာ ၃ ကော်လံ ၁ ✻

နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာမာဂါပါကဲလ် အာရိုယို၏ ဖိတ်ကြားချက်အရ ဖိလစ်ပိုင်သမ္မတနိုင်ငံ စီးဘူးမြို့၌ ကျင်းပမည့် (၁၂)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံနှင့်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

12-1 (01) 1 3/24/1905, 9:27 PM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်)

နိုင်ငံခြားဝင်ငွေ ပိုမိုရရှိရေး ငါး၊ ပုစွန် စနစ်တကျမွေးမြူ

ရေချို၊ ရေငန် ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းများကို တနင်္သာရီတိုင်း၊ ရခိုင်ပြည်နယ်၊ မွန် ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့၌ အဓိကထား လုပ်ကိုင်လျက်ရှိသည်။ နှစ်စဉ် ခြောက်လမှ ရှစ်လခန့် ရေဖုံးလွှမ်းသည့် ဧရိယာများနှင့် ဆည်၊ တာတမံ၊ ရေလှောင်ကန်ကြီးများရှိသည့် ဒေသတို့တွင် ရေချို ငါး၊ ပုစွန်များ ပေါက်ပွား ကြီးပြင်းနိုင်သည်။

ရေချိုမွေးမြူရေးအဖြစ် ငါးမြစ်ချင်း၊ ငါးတန်၊ ငါးခေါင်းပွ၊ ငါးကြင်းဖြူ၊ ရွှေဝါငါးကြင်း၊ တီလားပီးယားနှင့် အခြားငါး၊ ပုစွန်များ စသည်တို့ကို မွေးမြူထုတ်လုပ်လျက်ရှိပြီး ပုစွန်ကျား၊ ပုစွန်ဖြူ၊ ကျောက်ပုစွန်နှင့် ကဏန်းပျော့ စသည်တို့ကို ရေငန်မွေးမြူရေးအဖြစ် ထုတ်လုပ်မွေးမြူလျက်ရှိသည်။

ယခုအခါ ရေချို၊ရေငန် မွေးမြူရေးလုပ်ငန်းကို ပြည်တွင်းစားသုံးမှု ဖူလုံရေးသာမက ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေးအတွက်ပါ စီးပွားဖြစ် တွင်ကျယ်စွာ လုပ်ကိုင်လျက်ရှိသည်။

မြန်မာ့ရေထွက်ပစ္စည်းများသည် ထူးကဲသောအရသာရှိပြီး ကျန်းမာရေးနှင့် ညီညွတ်သည့်အတွက် မြန်မာနိုင်ငံမှ ငါးအမျိုးမျိုး၊ ပုစွန်နှင့် ကဏန်းများ ပြည်ပသို့ တင်ပို့ရောင်းချရာတွင် ဝယ်လိုအား မြင့်တက်လျက်ရှိသည်။

အာဆီယံနိုင်ငံများတွင် မွေးမြူရေးဆိုင်ရာကဏ္ဍများ၌ နိုင်ငံတကာ စံချိန်စံညွှန်းနှင့် ကိုက်ညီရေး တစ်ပြေးညီဖြစ်စေရန်၊ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ရေထွက်ပစ္စည်း တိုးမြှင့်တင်ပို့နိုင်ရေးသာမက အရည်အသွေးကောင်းပြီး စံချိန်စံညွှန်းမီရေးကိုလည်း ဦးစားပေး ဆောင်ရွက်ကြရမည် ဖြစ်သည်။

သား၊ငါးကဏ္ဍတွင် အမယ်သစ်များ မွေးမြူလျက်ရှိသကဲ့သို့ ဈေးကွက်ရှိပြီး နိုင်ငံတကာ လူကြိုက်များသည့် တီလားပီးယားနှင့် ကကတစ်ငါးမျိုးများ တိုးချဲ့မွေးမြူခြင်းဖြင့် နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိမည် ဖြစ်သည်။

သို့ဖြစ်ရာ ပြည်တွင်းစားသုံးမှု ဖူလုံရုံသာမက နိုင်ငံခြားဝင်ငွေ ပိုမိုရရှိရေးအတွက် ငါး၊ ပုစွန် မွေးမြူထုတ်လုပ်ရေးလုပ်ငန်းကို စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့လုပ်ကိုင်သွားကြရမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

ဦးတင်မောင်ပညာသင်ဆု ငွေပဒေသာပင် လှူဒါန်းပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၁၁

ဦးတင်မောင်ပညာသင်ဆု ငွေပဒေသာပင် ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက် မွန်းတည့် ၁၂ နာရီက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်နှင့်ဇနီး၊ ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ်စံထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင် ဟွန်ဒါ မြန်မာကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးတင်မောင်နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားပြီး ဟွန်ဒါမြန်မာကုမ္ပဏီလီမိတက် အုပ်ချုပ်မှု ဒါရိုက်တာ ဦးတင်မောင်က ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ငွေပဒေသာပင်စိုက်ထူ လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဦးတင်မောင်က ပညာရေးဌာနသို့ ပညာသင်ဆုငွေပဒေသာပင်ကျပ်သိန်းတစ်ထောင်ကိုလည်းကောင်း၊ ကျန်းမာရေးဌာန အသုံးအဆောင်ပစ္စည်းများအတွက် ငွေကျပ်သိန်းနှစ်ရာကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ကျေးဇူးတင်စကားပြောကြား

ယင်းနောက် တိုင်းမှူးက အလှူရှင် ဦးတင်မောင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး **(အပေါ်ပုံ)** ပညာရေးဌာနသို့ လှူဒါန်းမှုအတွက် ပြည်နယ်ပညာရေးမှူး ဦးစဏ်းအောင်က လည်းကောင်း၊ ကျန်းမာရေးဌာနသို့ လှူဒါန်းမှုအတွက် ပြည်နယ် ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းကိုကိုကလည်းကောင်း ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၁-၂၀၀၇ (သောကြာနေ့)

၇:၀၀ **MRTV-4** အဖွင့် **Logo**
ယနေ့အစီအစဉ်
၇:၀၅ ရတနာသုံးပါးတန်ခိုး တရားတော် (သီတဂူဆရာတော်) (အပိုင်း-၂)
၇:၅၅ Myanmar Video Rhythm
၈:၄၅ ပြည်တွင်းသတင်းအကျဉ်း
၈:၅၅ ပြည်သူ့အတွက် EMS
၉:၁၀ တေးဂီတအစီအစဉ်
၉:၁၅ The Game Guide (Spider Man)(အပိုင်း-၁)
၉:၄၀ မိုးလေဝသခန့်မှန်းချက်
၉:၄၅ ယှဉ်ပြိုင်ဆင်နွှဲ သစ်သီးဝလံပန်းမန်ပြပွဲ
၁၀:၀၀ တေးဂီတအစီအစဉ်
၁၀:၀၅ မုဒ္ဒွန်းရွာမှ သဘာဝလက်ဆောင်
၁၀:၁၀ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၁၅ စားချင်စဖွယ်မုန့်လုပ်နည်း အသွယ်သွယ် (အုန်းစိမ်းနကျောက်ကျော)
၁၀:၂၅ တေးဂီတအစီအစဉ်
၁၀:၃၀ ဆီထွက်သီးနှံများထဲမှ "ဆီအုန်း"
၁၀:၄၀ ပြည်တွင်းသတင်းအကျဉ်း
၁၀:၅၀ တေးဂီတအစီအစဉ်
၁၀:၅၅ သဘာဝကပေးတဲ့ အကျိုးအာနိသင်
၁၁:၁၀ စည်းကမ်းလိုက်နာ ဘေးကင်းကွာ (လူကူးမျဉ်းကျားကကူးမယ်)
၁၁:၁၅ တေးဂီတအစီအစဉ်
၁၁:၂၀ ဆီးချိုသွေးချိုရောဂါဆိုင်ရာ လွဲမှားချက်များ(အပိုင်း-၁) (ဒေါက်တာတင့်ဆွေလတ်)
၁၁:၄၀ တေးဂီတအစီအစဉ်
၁၁:၄၅ သူတို့ပြောတဲ့သူတို့အကြောင်း (မြန်မာယူရေနီယံ အကအဖွဲ့နှင့်တွေ့ဆုံခြင်း) (အပိုင်း-၁)
၁၂:၂၅ နိုင်ငံတကာသတင်းအကျဉ်း
၁၂:၃၀ ရွှေတောင်စက်ရုံစွမ်းပကား စက်မှု(၁)ရဲ့အား
၁၂:၄၀ တေးဂီတအစီအစဉ်
၁၂:၄၅ ဟန်ဆောင်ကာမှုပို (စည်သူမောင်၊ရတနာပုံ)
၁:၀၀ **MRTV-4** အပိတ် **Logo**

၂၀၀၇ အာဆီယံချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်ပြသမည့် အစီအစဉ်

အုပ်စု (က) ပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၃၀	မြန်မာ နှင့် ထိုင်း	MRTV-4 (Live)

အထက်ပါခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇နာရီအထိတစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၁

မြတ်ဗုဒ္ဓ၏ ပဋိပတ်အကျင့်မြတ်တရားတော်များကို ကျေးဇူးရှင် လယ်တီဆရာတော်၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထဝိပဿနာတရားတော်များကို ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်းရှိ သာစုကာရီဓမ္မာရုံတွင် ဇန်နဝါရီ ၁၅ ရက်မှ ၂၁ ရက်အထိ ညနေ ၆ နာရီခွဲမှ ၈ နာရီအထိလည်းကောင်း၊ ပဲခူးမြို့ တောင်သူစုကျေးရွာရှိ ဇော်ဂျီကုန်းဘုရားကျောင်းတိုက်တွင် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိဇယအားအမှူးထား၍ ဇန်နဝါရီ ၂၂ ရက် ညနေမှ ၃၁ ရက် နံနက်အထိ ကိုးရက် တရားစခန်းကိုလည်းကောင်း၊ ဗိုလ်တထောင်စေတီတော်ဆိပ်ကမ်း လုပ်သားပေါင်းစုံ ဓမ္မာရုံတွင် ဖေဖော်ဝါရီ ၁ ရက်မှ ၇ ရက်အထိ ညနေ ၆ နာရီမှ ၇ နာရီခွဲ အထိလည်းကောင်း၊ ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီး အာဇာနည်လမ်းရှိ ရှင်သာမဏေ ဓမ္မဗိမာန်တွင် ဖေဖော်ဝါရီ ၈ ရက်မှ ၁၄ ရက်အထိ ညနေ ၅နာရီမှ ၆နာရီခွဲ အထိလည်းကောင်း၊ ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ (ဒလ-အံ့ကြီး) က ကိုယ်တွေ့ဉာဏ်မြင် ခန္ဓာဉာဏ်ရောက် ဟောပြောပို့ချမည် ဖြစ်ရာ ဇော်ဂျီကုန်း ဘုရားကျောင်းတိုက်ရှိ ကိုးရက်တရားစခန်းဝင်လိုသူများ အမျိုးသားမှတ်ပုံတင် ယူဆောင်လာကြပါရန်နှင့် ဖုန်း-၅၅၃၈၆၂သို့ ဆက်သွယ်မေးမြန်းနိုင်သည်။ **(က-ပ)**

မြဝတီရုပ်မြင်သံကြား

၁၂-၁-၂၀၀၇ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၂၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ မိုးလေဝသသတင်း
၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅ ၁၃။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆:၄၀ ၁၄။ လျှပ်တစ်ပြက်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကျေးတောသူ"** (အပိုင်း-၂၀)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ စိုက်ပျိုးသုတ
၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နောက်ဆုံးပစ်မှတ်"** (အပိုင်း-၂၂)

တပ်မတော်(ကြည်း၊ ရေ၊ လေ)အမျိုးသမီး စစ်မှုထမ်းဟောင်းများ၏ နှစ်ပတ်လည်နေ့ အထိမ်းအမှတ် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးသိန်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။

၂။ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး။

၃။ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။

၄။ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့်ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး။

၅။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

* ရှေ့ဖုံးမှ

ဖိလစ်ပိုင်သမ္မတနိုင်ငံ သံရုံး သံရုံးယာယီတာဝန်ခံ Mr. Joselito Chad N.Jacinto JR တို့က နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ အဖွဲ့ဝင်များအဖြစ် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါသွားကြသည်။

ကြိုတင်ထွက်ခွာ

ထို့အတူ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာတို့သည် ထိပ်သီးညီလာခံမတိုင်မီ ကြိုတင်ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးများသို့ တက်ရောက်ရန် ဇန်နဝါရီ ၈ ရက်က ဖိလစ်ပိုင်သမ္မတနိုင်ငံ စီဘူးမြို့သို့ ကြိုတင်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

နိုင်ငံ့ကျေးဇူးသစ္စာစောင့်သိ၊ ပြည်သူ့အကျိုးစီးပွားအလေးထား တရားသူကြီးချုပ် ဦးအောင်တိုး တရားသူကြီးများအားမှာကြား

နေပြည်တော် ဇန်နဝါရီ ၁၁

တရားသူကြီးချုပ်နှင့် တရားရုံးချုပ်(နေပြည်တော်)ရှိ ဝန်ထမ်းများ ပျဉ်းမနားခရိုင် တရားရုံး ပျဉ်းမနားခရိုင် အတွင်းရှိ မြို့နယ်တရားရုံးများမှ တရားသူကြီးများတွေ့ဆုံပွဲကို ယနေ့နံနက် ၈ နာရီက နေပြည်တော်ရှိ တရားရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အလေးထားဆောင်ရွက်

တွေ့ဆုံပွဲတွင် တရားသူကြီးချုပ် ဦးအောင်တိုးက ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်အောင် တည်ဆောက်နေသည့် ယနေ့ကာလတွင် နိုင်ငံ့ဝန်ထမ်းများသည် မိမိတို့၏ တာဝန်များကို ကျေပွန်စွာထမ်းရွက်နိုင်ရန် စိတ်ဓာတ်ပိုင်း၊ စည်းကမ်းပိုင်းနှင့် ကျွမ်းကျင်မှုပိုင်းတို့၌ အားနည်းမှုများ မရှိစေရေးအတွက် ထာဝစဉ် ကြိုးပမ်းဖြည့်ဆည်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တရားရေးအရာရှိများ၊ တရားရုံးဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အားလျော်စွာ ဝန်ထမ်းများ စောင့်ထိန်းရမည့်ကျင့်ဝတ်နှင့် လိုက်နာရမည့် စည်းကမ်းများကို လိုက်နာကြရန်လိုကြောင်း၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရှိသေရမည်၊ ပြည်သူတို့၏ အကျိုးစီးပွားကို အလေးထား၍ ဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း။

ရှင်းလင်းမှာကြား

ဝန်ထမ်းစည်းကမ်းများကို စောင့်ထိန်းလိုက်နာပြီး လုပ်ငန်းကျွမ်းကျင်မှု အဆင့်မြင့်မားလာစေရန်နှင့် အရည်အသွေး တိုးတက်နေစေရန် အစဉ်ကြိုးစားကြရန်လိုအပ်သကဲ့သို့ တရားရုံးသိက္ခာကို လုံးဝမထိခိုက်အောင် ပြုမူနေထိုင်ကျင့်ကြံရန်နှင့် အမှုများကို ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်စီရင်ဆုံးဖြတ်ကြရန်လိုကြောင်းဖြင့် ဝန်ထမ်းများ စောင့်ထိန်းလိုက်နာသွားရန် လိုအပ်သည်များကို အကျယ်တဝင့် ရှင်းလင်းမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထက သင်္ကုလ အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၁

ပဲခူးတိုင်း ကဝမြို့နယ် အထက သင်္ကုလတွင် စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၁ ရက် (တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။ ကျောင်းသူ ကျောင်းသားဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဦးမောင်စန်း ဖုန်း–၀၁–၂၄၇၈၈၆၊ ကိုမင်းအောင် ဖုန်း–၀၁–၂၄၇၁၉၈၊ ကိုကျော်စိုး ဖုန်း–၀၉၅၁–၀၃၉၉၃၊ ဒေါ်မြင့်မြင့်စိန် ဖုန်း–၀၁–၆၆၇၁၈၃၊ ၀၉–၅၀၀ ၆၀၅၂၊ ကိုခင်ကျော်ဝင်း ဖုန်း–၀၁–၅၄၈၀၂၅၊ ကိုမျိုးလွင်(ခ)ကိုမျိုးသန်းဦး ဖုန်း–၀၁–၅၃၄၇၇၇၊ ၀၁–၇၀၄၉၂၂ နှင့် ကိုစိုးဦး ဖုန်း–၀၅၂–၂၃၃၇၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံ့ဂုဏ်ရည်စာပေတိုက်မှ စာအုပ်များထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၁

မြန်မာစာပေကို ချစ်မြတ်နိုးသူများအတွက် နိုင်ငံ့ဂုဏ်ရည်စာပေတိုက်မှ အောက်ပါ စာအုပ်များကို ထုတ်ဝေလိုက်သည်။

ဇော်ဂျီ၏ ဗေဒါလမ်းကဗျာများ၊ (အင်္ဂလိပ်/မြန်မာ နှစ်ဘာသာ)၊ ကွယ်လွန်သူ ကဗျာဆရာကြီး ဇော်ဂျီ၏ ဗေဒါလမ်းကဗျာ ၄၁ ပုဒ်ကို စာရေးဆရာ အမေ့သားက အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ပန်းချီ မောင်ညီညီ၏ မျက်နှာဖုံးဖြင့် လှပသေသပ်စွာ ထုတ်ဝေလိုက်သည်။ တန်ဖိုးကျပ် ၁၀၀၀ ဖြစ်သည်။

ကြူကြူသင်း၏ တူပြိုင်လေ ကူးမယ်နှင့် အခြားပြဇာတ်များ၊ အမျိုးသား စာပေဆုရ စာရေးဆရာမ ကြူကြူသင်း၏ မဂ္ဂဇင်းများတွင် ဖော်ပြပါရှိပြီးဖြစ်သည့် ပြဇာတ်

၁၁ ပုဒ်ကို တစုတစည်းတည်း ထုတ်ဝေလိုက်သည်။ တန်ဖိုးကျပ် ၁၀၀၀ ဖြစ်သည်။

တင်မြင့်၏ စာခလေ့၊ ရွာခလေ့၊ ပန်းအလှတစ်ပွေ့၊ အမျိုးသား စာပေဆုနှင့် စာပေဗိမာန်စာမူဆုများကို

အကြိမ်ကြိမ်ရရှိခဲ့သူ စာရေးဆရာ တင်မြင့်၏ စာပေပဒေသာဆောင်းပါး ၂၂ ပုဒ်ကို တစုတစည်းတည်း ဖတ်ရှုရမည်။ တန်ဖိုးကျပ် ၈၀၀ ဖြစ်သည်။

မသဲဖြူ(ရွှေဘို)၏ ရွှေဖီဦးကို ပန်ဖူးသယ်၊ ကျောင်းဆရာမတစ်ဦး၏ ကျင်လည်ရာ ဘဝခရီးလမ်းနှင့် ဘဝအတွေ့အကြုံများကို ဖတ်ချင်

စဖွယ် ဖွဲ့နွဲ့သီကုံးထားသည့် ဝတ္ထုတို ၁၂ ပုဒ်၊ တန်ဖိုးကျပ် ၁၀၀၀ ဖြစ်သည်။

အထက်ပါစာအုပ်များကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက် ဖုန်း–၃၇၄၅၃၂ နှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် အခြားဆိုင်ကြီးများ၊ မန္တလေးမြို့ ထွန်းဦးစာပေနှင့် အခြားဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်းသိရသည်။

(သတင်းစဉ်)

တပ်မတော်ကလေးများကျောင်း(မင်္ဂလာဒုံ) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

တပ်မတော် ကလေးများကျောင်း (မင်္ဂလာဒုံ) ယခုအထက(၁)၊ အထက(၅)တို့တွင် ၁၉၄၉–၁၉၆၉အထိ ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား တပည့် ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အထက(၁) မင်္ဂလာဒုံ(ဝါယာလက်) မြဲရောခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်နိုင်

ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် ဦးအောင်ရွှေ–ဒေါ်မြင့်မေ ဖုန်း–၆၂၀၅၅၁၊ ဦးအံ့ကူ ဖုန်း–၆၄၂၀၂၉၊ ဦးခင်မောင်ရင် ဖုန်း–၅၆၀၅၂၄၊ ဦးအေးကို ဖုန်း–၆၀၀၁၉၃၊ ဒုတိယဗိုလ်မှူးကြီးစန်းစန်းတင့် ဖုန်း–၀၃၁–၃၅၂၈၄၊ ဗိုလ်မှူးအုန်းသောင်း(ငြိမ်း) ဖုန်း–၆၃၅၃၉၆ နှင့် ဒေါ်ကြည်ကြည်မြင့် ဖုန်း– ၆၃၅၀၅၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

ကျိုက်ဒေးယျုံဆရာတော် တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၁၁

သန်လျင်မြို့ စာတိုက်ကုန်း မဏ္ဍလာရာမကျောင်းတိုက် ပဓာန နာယကဆရာတော် ကျိုက်ဒေးယျုံ အရှင်ဥတ္တရ (ဓမ္မကထိက ဗဟုဇန ဟိတဓရ ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ)သည် ဇန်နဝါရီ ၁၃ ရက်တွင် သန်လျင်မြို့ ဦးမျိုးနိုင်–ဒေါ်အေးအေးမူ မိသားစုတို့၏ အလှူပွဲ၊ ၁၄ ရက်တွင် သန်လျင်မြို့ ဒေါ်စိန်ကြည် မိသားစုတို့၏ အလှူပွဲ၊ ၁၇ ရက်တွင် ကျိုက်ဒေးယျုံ တရားပွဲ၊ ၂၀ ရက်တွင် အမှတ်(၈) သာကေတ ဝိရိယာဓိက မဟာဗောဓိဗိမာန်၊ ၂၄ ရက်မှ ၂၆ ရက်အထိ ဝါးခယ်မမြို့နယ် ကျောင်းစုဓမ္မသဘင်၊ ၃၁ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ ကျုံပျော်မြို့နယ် ကြို့ကုန်း ပြည်တော်အေး ဗုဒ္ဓပူဇနိယပွဲ၊ ၄ ရက်မှ ၆ ရက်အထိ ဓနုဖြူမြို့နယ် ပက်တန်းစာတော်ပြန်ပွဲ၊ ၇ ရက်မှ ၈ ရက်အထိ ခရမ်းမြို့လယ် ဓမ္မာရုံ ပုညကုသလအသင်းတို့၌ တရားတော်များ ဟောကြားမည်ဟု သိရသည်။

(က–ပ)

ရန်ကင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာနှင့် အမျိုးသမီးများ အကြမ်းဖက်မှုမှ တားဆီး ကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ဇန်နဝါရီ ၁၁ ရက်က စရပ်ကွက် ဓမ္မာရုံတွင် ကျင်းပရာ ရန်ကင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်က အမှာစကားပြောကြားစဉ်။ (က–ပ)

တရုတ်နိုင်ငံ ဝူဟန်မြို့တွင် ယန်စီမြစ်ကို ဖြတ်သန်း တည်ဆောက်ထားသည့် မီတာ ၃၉၃၀ ရှည်လျားသည့် လိုဏ်ခေါင်းအတွင်း တစ်နေရာကို ဇန်နဝါရီ ၁၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အရှေ့အလယ်ပိုင်းတွင်ကျင့်သုံးသော အမေရိကန်၏ မူဝါဒ အကြမ်းဖက်မှုများကို ပိုမိုဖြစ်ပေါ်စေခဲ့ဟုဆို

စင်ကာပူ ဇန်နဝါရီ ၁၁

အမေရိကန်နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒသည် အာရှဒေသတွင် အကြမ်းဖက်မှုများကိုတိုးပွားစေကြောင်း၊ အထူးသဖြင့် အရှေ့အလယ်ပိုင်းဒေသတွင်အမေရိကန်တို့ကျင့်သုံးနေသော မူဝါဒသည် အကြမ်းဖက်မှုဖြစ်ရပ်များ ပိုမိုဖြစ်ပေါ်စေအောင် တွန်းပို့နေသည်ဟု အကြမ်းဖက်မှုများအား လေ့လာသုတေသနပြုသော ကျွမ်းကျင်သူ ရိုဟန်ဂူနာရက်နာက စင်ကာပူ၌ ဇန်နဝါရီ ၉ရက်က ပြောကြားလိုက်သည်။

အီရတ်ကိုအမေရိကန်တို့ကျူးကျော်ခဲ့ပြီးနောက်ပိုင်း အကြမ်းဖက်မှုများသည် ကမ္ဘာ့နိုင်ငံများအား ခြိမ်းခြောက်မှု တစ်ရပ်သဖွယ် ဖြစ်လာခဲ့ကြောင်း၊ အီရတ်မှ အမေရိကန် တပ်ဖွဲ့ဝင်များ ရုပ်သိမ်းသင့်ကြောင်း၊ သို့သော်အီရတ်မှ အမေရိကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်း သွားခဲ့လျှင် အကြမ်းဖက် တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပေါ်နေမည် ဖြစ်ကြောင်း အကြမ်းဖက်မှုနှင့် နိုင်ငံတကာရေးရာ သုတေသနဌာနမှ အကြီးအကဲ ရိုဟန်ဂူနာရက်နာက ဆက်လက် ပြောကြားသည်။

ပြောင်းလဲသင့်

ယခုအခါအီရတ်နိုင်ငံသည် အကြမ်းဖက်မှုများ စတင်ဖြစ်ပေါ်ရာ နေရာတစ်ခု ဖြစ်လာခဲ့ပြီဖြစ်ကြောင်း၊ အရှေ့အလယ်ပိုင်းဒေသ တည်ငြိမ်ရေးအတွက် အမေရိကန်တို့၏ နိုင်ငံခြားရေး မူဝါဒကို ပြောင်းလဲသင့်ပြီဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ပြောကြား

ယခုအခါ အကြမ်းဖက်မှုများ ယခင်ကထက် တိုးတက် များပြားလာပြီး အကြမ်းဖက်သမားများလည်း များလာကြောင်း ရိုဟန်ဂူနာရက်နာက ဆက်လက် ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဆိုမာလီတွင် ကန်တို့ လေကြောင်းမှတိုက်ခိုက်မှု ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်စိုးရိမ်

ဂျီနီဗာ ဇန်နဝါရီ ၁၁

ဆိုမာလီနိုင်ငံအတွင်း ရက်သတ္တပတ်ကုန်ပိုင်းက အမေရိကန်လေကြောင်းတိုက်ခိုက်မှု ပြုခြင်းကြောင့် ရန်လိုတိုက်ခိုက်မှုများ ပိုမို ပြင်းထန်လာမည်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက စိုးရိမ်မကင်းဖြစ်မိကြောင်း ၎င်း၏ ပြောရေးဆိုခွင့်ရှိသူ မစ်ချယ်မွန်တပ်က ဇန်နဝါရီ ၉ ရက်တွင် ပြောကြားသည်။

စိတ်မကောင်းဖြစ်

ဆိုမာလီတောင်ပိုင်းမှ အရပ်သားများ ထိခိုက်မည်ကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က စိုးရိမ်ပြီး အရပ်သားများ သေဆုံးကြရသည်ဆိုသော သတင်းကြောင့် စိတ်မကောင်းဖြစ်မိကြောင်း မစ်ချယ်မွန်တပ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဆိုမာလီနိုင်ငံတွင်းမှ အိုးပစ်အိမ်ပစ်ထွက်ပြေးသူ ၄၇၀၀ တို့မှာ နယ်စပ်တွင် စားနပ်ရိက္ခာ၊ နေထိုင်စရာ၊ ဆေးဝါးနှင့် အခြေခံလူသုံးပစ္စည်းများ ပြတ်လပ်နေကြောင်း မစ်ချယ်မွန်တပ်က ပြောကြားသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

အင်ဒိုနီးရှား၌ ဆယ်လ်လူလာဖုန်း သုံးစွဲသူတိုးမြင့် ၂၀၀၇ ခုနှစ်တွင် သန်း ၈၀ အထိ ရှိလာမည်

ဂျကာတာ ဇန်နဝါရီ ၁၁

အင်ဒိုနီးရှားနိုင်ငံ၏ အကြီးဆုံး မိုဘိုင်းလ်ဖုန်းလုပ်ငန်းဖြစ်သည့် ပီတီတယ် ကွန်ဆဲလ်က ယခုနှစ်တွင် ဆက်သွယ်ရေး အခြေစိုက်စခန်း အသစ်ပေါင်း ၅၀၀၀ ကို ထူထောင်သွားမည်ဖြစ်ကြောင်း၊ ငွေကြေးရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံခန့်ရှိကြောင်း ၎င်းလုပ်ငန်းက ဇန်နဝါရီ ၈ရက်၌ ပြောကြားသည်။

အဆိုပါ ဆက်သွယ်ရေး အခြေစိုက်စခန်းအသစ်များကို အင်ဒိုနီးရှားနိုင်ငံ ကာလီမင်တန်ကျွန်းနှင့် ဆူလာဝေစီပြည်နယ်တို့တွင် ၇၀ ရာခိုင်နှုန်းခန့် တည်ဆောက်သွားမည် ဖြစ်သည်။

တည်ဆောက်

ပီတီတယ်ကွန် ဆဲလ်လုပ်ငန်းအနေဖြင့် ဆယ်လ်လူလာ ဆက်သွယ်ရေး အခြေစိုက်စခန်း ၁၅၀၀၀ လောလောဆယ်၌ ထူထောင်ထားသည်။ ၎င်းစခန်းများ၏ သုံးပုံတစ်ပုံမှာ ၂၀၀၆ ခုနှစ်အတွင်း တည်ဆောက်ခဲ့ခြင်းဖြစ်သည်ဟု အင်ဒိုနီးရှားနိုင်ငံထုတ်သည့် ဂျကာတာပို့စ်သတင်း၌ ဖော်ပြသည်။

တိုးတက်

အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၀၆ ခုနှစ်က ဆယ်လ်လူလာဖုန်းသုံးစွဲသူ ၆၄ သန်းရှိခဲ့ပြီး ၂၀၀၇ ခုနှစ်၌ သန်း ၈၀ အထိ ရှိလာမည်ဖြစ်ရာ သုံးစွဲသူ ၂၅ ရာခိုင်နှုန်းခန့် တိုးတက်လာမည်ဟု ခန့်မှန်းထားသည်။

အင်ဒိုနီးရှားနိုင်ငံတွင် လူဦးရေ သန်း ၂၄၀ ရှိနေရာ ၆၃ ရာခိုင်နှုန်းမှာ အသက် ၁၅နှစ်နှင့် ၅၀ အကြားရှိသည့်သူများဖြစ်သည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

ပစ်ခတ်မှုနှင့် ပေါက်ကွဲမှုများကြောင့် ဘဂ္ဂဒက်တွင် ခုနစ်ဦးသေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၁၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်တွင် သီးခြားစီဖြစ်ပွားသော ပစ်ခတ်မှုနှင့် ပေါက်ကွဲမှုများကြောင့် အီရတ်ပြည်သူခုနစ်ဦး သေဆုံးသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ဇန်နဝါရီ ၇ ရက်၌ ပြောကြားသည်။

ပစ်ခတ်

ဘဂ္ဂဒက်မြို့တောင်ပိုင်း ဘိုင်ရာဒေသ၏ ဈေးကြီးရှိ ဆိုင်များအား ကားနှစ်စီးဖြင့် သေနတ်သမားများက ဇန်နဝါရီ ၇ ရက်က ပစ်ခတ်တိုက်ခိုက်ရာ ဈေးဆိုင်ဝန်ထမ်း သုံးဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိသွားခဲ့ကြောင်း၊ ယင်းတိုက်ခိုက်မှုအပြီးတွင် အဆိုပါဈေးရှိ ဆိုင်ခန်းများ ပိတ်ထားလိုက်ကြောင်း ဆင်ဟွာသတင်းဌာနသို့ အမည်မဖော်လိုသူတစ်ဦးက ပြောကြားသည်။

သေဆုံး

ဘဂ္ဂဒက်မြို့ အရှေ့ပိုင်းတွင်လည်း သေနတ်သမားများ ပစ်ခတ်မှုကြောင့် နှစ်ဦးသေဆုံးခဲ့သည်။

ပေါက်ကွဲ

ဘဂ္ဂဒက်မြို့အရှေ့ပိုင်း ဘဂ္ဂဒက် နည်းပညာတက္ကသိုလ်အနီးရှိ အဝေးပြေးလမ်းမပေါ်တွင် ကင်းလှည့်နေသော ရဲတပ်ဖွဲ့ဝင်များအနီးတွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားသဖြင့် ပြည်သူနှစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာ ရရှိသွားခဲ့သည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဘီစီ ငါးရာစုက ရှေးဟောင်းပစ္စည်း



လွန်ခဲ့သော ဘီစီ ငါးရာစုက ကြေးထည်ပစ္စည်းတစ်ခုကို တွေ့ရစဉ်။ (ယာပုံ)

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ ကျင်းပသည့် ရှေးဟောင်းပစ္စည်းများပြပွဲတွင် ကြေးဖြင့် ပြုလုပ်ထားသော အမွှေးနံ့သာရည်များ ထည့်ရာ၌ အသုံးပြုသည့် မြင်းရုပ်ပုံ တကောင်း တစ်ခုမှာ ဘီစီ ငါးရာစုခန့်က ပြုလုပ်ခဲ့သော ပစ္စည်းတစ်ခုဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ဖားမျိုးစိတ်သစ်

ဖားမျိုးစိတ်သစ်များကို သုတေသနပညာရှင်များက ပြသထားစဉ်။ (ဝဲပုံ)

အဆိုပါ ဖားမျိုးစိတ်သစ်ကို မလေးရှားနိုင်ငံ ဂျီရီတောင်တွင် ရှာဖွေ တွေ့ရှိခဲ့ခြင်း ဖြစ်ပြီး ရေကြည်ရေသန့်တွင် ရှင်သန်နေထိုင်နိုင်သော ဖားမျိုးဖြစ်သည်။ အကောင် သေးငယ်၍ ရှည်လျားပြီး ကြီးမားသော ခြေထောက်များ ပိုင်ဆိုင်ကြသည်။ ၎င်းဖားမျိုးသည် ယခုမှ တွေ့ရှိရသော ဖားမျိုးစိတ်သစ် တစ်မျိုးဖြစ်ကြောင်း မလေးရှားနိုင်ငံမှ သုတေသန ပညာရှင်များက ပြောကြားသည်။ **(အင်တာနက်)**

ရန်ကုန် တက္ကသိုလ် ဓာတုဗေဒ ဘွဲ့ရ ကျောင်းသား ကျောင်းသူ ဟောင်း များ၏ ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ၆ရက်က ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပရာ ကျောင်းသား ကျောင်းသူ ဟောင်း များက ဆရာ၊ ဆရာမကြီးများအား ပူဇော်ကန်တော့ကြစဉ်။ (က-ပ)

ဘဏ္ဍာ/အခွန်ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား ပြည်ပဧည့်သည်အဖွဲ့ဝင်များ တွေ့ဆုံနှုတ်ဆက်

နေပြည်တော် ဇန်နဝါရီ ၁၁

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား Daewoo International Co,. Ltd. မှ President, Mr. Kang Young-Won နှင့် အဖွဲ့သည် ယနေ့ညနေ ၃ နာရီက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမသို့ လာရောက် တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့တွေ့ဆုံရာတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

တွေ့ဆုံနှုတ်ဆက်

အလားတူ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ် (IMF/ World Bank) အဖွဲ့မှ ကိုယ်စားလှယ် Mr. Mark Butler နှင့်အဖွဲ့သည် ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမသို့ လာရောက် တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များတက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၅၃) ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်ညီလာခံ

၂၀၀၇ခုနှစ် ဇန်နဝါရီလ ၁၇-၂၁ တောင်ကြီးမြို့

လှူငယ်(ရေကြောင်း)ကျောင်းသားဟောင်းများ ဆရာကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

လှူငယ်(ရေကြောင်း) ကျောင်းသူ ကျောင်းသားဟောင်းများ၏ တတိယအကြိမ် ဆရာကန်တော့ပွဲကို ဇန်နဝါရီ ၂၁ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဓနုဓမ္မာရုံ ကြားတောရလမ်းမကြီး ဗဟန်းမြို့နယ် (ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် ကြေးသွန်းဘုရားကြီးနှင့် မျက်နှာချင်းဆိုင်) တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသူ ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

အသေးစိတ်သိလိုပါက ဦးတင်ဝင်း ဖုန်း-၆၁၀၂၇၂၊ ဦးအောင်ချိုမင်း ဖုန်း-၂၅၂၆၃၈၊ ဦးဟန်ထွေးအောင် ဖုန်း-၀၉-၅၁ ၀၅၈၁၅၊ ဒေါ်အိအိသန့် ဖုန်း-၅၀၅၉၃၇၊ ဦးသက်ဦး ဖုန်း-၀၉၉၉-၇၁၃၃၂၊ ဒေါ်ကေသီဦး ဖုန်း-၅၂၄၆၂၈နှင့် ဒေါ်ခင်မမချို ဖုန်း-၀၉၉၉-၇၃၇၄၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဓမ္မာနုပဿနာ တရားတော် စုပေါင်းနာယူ အားထုတ်မည်

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်မြို့ သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ်၏ ဦးစီးပဓာန နာယက အာဒိကမ္မိက ကမ္မဋ္ဌာနာစရိယ မူလ ဓမ္မာစရိယ ကျေးဇူးရှင် ဆရာကြီး ဦးကြည်၏ ကွယ်လွန်ခြင်း (၁၀)နှစ်မြောက် ဂါရဝပြုပူဇော်ပွဲနှင့် တရားအားထုတ် ကျေးဇူးဆပ်ပွဲကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ် ၃ ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် ဓမ္မာရုံတော်ကြီး၌ ဇန်နဝါရီ ၁၅ ရက် နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်သည်။ နေ့လယ်ပိုင်းတွင် ဆရာကြီး၏ ဂုဏ်ကျေးဇူးများကို ထုတ်ဖော်ချီးကျူး၍ ဓမ္မာနုပဿနာ တရားတော်ကို စုပေါင်းနာယူ တရားအားထုတ် ကျေးဇူးဆပ် ပူဇော်ကြမည်ဖြစ်ပါသည်။ ဆရာကြီးနှင့် ပတ်သက်သော တပည့်သာဝကများ၊ ရန်ကုန်မြို့နှင့် အနယ်နယ်အရပ်ရပ်ရှိ သစ္စာဒီပက ဝိပဿနာအဖွဲ့ခွဲများမှ ယောဂီများ ကြွရောက်ပူဇော်နိုင်ကြရန် နှိုးဆော်ထားသည်။ **(က-ပ)**

ဓနုဖြူမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

ဓနုဖြူမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၈ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဗဟန်း ၃လမ်းမှတ်တိုင်ရှိ အဘိဓမ္မာ ရတနာဃရဗိမာန်တော်၌ ကျင်းပမည်ဖြစ်သည်။

အသင်းဝင်ပြီးသူများနှင့် အသင်းမဝင်ရသေးသူများ၊ မြို့နယ်သူ မြို့နယ်သားအားလုံး တက်ရောက်ကြရန် ဖိတ်ကြားထားပြီး အသက် ၈၀ ပြည့်ပြီးသော အသင်းဝင် သက်ကြီးပုဂ္ဂိုလ်များအား ပူဇော်ကန်တော့၍ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူ အသင်းဝင်များ၏ သားသမီးများအား ဆုချီးမြှင့်မည်ဖြစ်ရာ အလှူငွေထည့်ဝင်လိုသူများသည် ဦးလှမြင့် ဖုန်း-၂၂၄၃၉၁၊ ဦးမြင့်သိန်း ဖုန်း-၂၀၁၇၃၁နှင့် ဦးလှမြင့်(ရွှေဟသ်ာ) ဖုန်း-၂၅၂၇၉၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

သကျမာရဇိန်သွန်းဘုရားကြီး၌ ဓမ္မပူဇာသဘင်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် သကျမာရဇိန် သွန်းဘုရားကြီးအတွင်းရှိ သာသနာ့ဗိမာန်တော်ကြီးတွင် အထူးဓမ္မပူဇာသဘင် ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၁၂ ရက်တွင် စစ်ကိုင်း ခင်မကန်ဆရာတော် အရှင်ခေမိန္ဒ၊ ၁၃ ရက်တွင် အောင်စကြာဆရာတော် အရှင်စန္ဒသူရိယတို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ညစဉ် ၇ နာရီတွင် ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

The Live News ဂျာနယ် အမှတ် (၁၉) ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၁

ရွှေပြည်စိုး စာပေတိုက်မှ အပတ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ်အမှတ် (၁၉)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

အလိုအလျောက် မျက်လွှာပွင့်လာသော ဒလမြို့နယ်မှ ကြေးဘုရား၊ ခြိမ့်ခြိမ့်သဲသဲ ပျော်ရွှင်နွဲ့ ကချင်မြေက မနောပွဲ၊ တောင်ကြီးမှ စတီးလ်စက်ရုံ၊ ဆီတိုင်ကီ ဂဟေဆော်ရာမှ ပေ ၄၀ခန့် မြောက်တက်သွားသူ၊ ကျော်ကီအဟောင်းနှင့် မြင်းအသစ်များ သို့မဟုတ် အမေရိကန်စစ်ရေး၊ နိုင်ငံရေး ထိပ်တန်းရာထူး အပြောင်းအလဲများ၊ ဒုတိယအကြိမ် ပြည်နယ်အုပ်ချုပ်ရေးမှူး ဖြစ်လာသူ မင်းသားကြီး အာနီး၊ အမေရိကန်၌ တာစူနေသော အီရတ်မူဝါဒစစ်ပွဲ၊ အတ္တလန္တိတ် သမုဒ္ဒရာကို တစ်ဦးတည်းရွက်လှေဖြင့်ဖြတ်ကူးသူ ၁၄နှစ်အရွယ် လူငယ်လေး၊ ကမ္ဘာပေါ်တွင် လူစကားအတတ်ဆုံးကြက်တူရွေး၊ ဩစတြေးလျ၌ စစ်ဘက်မှ ဒုံးပစ်လောင်ချာများခိုးယူ၍ အကြမ်းဖက်သမားများထံ ရောင်းချခဲ့သူဖမ်းမိ၊ ဆိုမာလီ သို့မဟုတ် အာဖရိကမှ မီးလျှံ၊ အယ်ဆာဒါအုပ်စုကို အယ်ကေဒါ အကြမ်းဖက်အုပ်စုထက်ပိုပြီးကြောက်ရွံ့နေတဲ့ အမေရိကန်၊ တရုတ်နိုင်ငံရဲ့ စိတ်ဝင်စားစရာ လူဦးရေထိန်းချုပ်မှုအစီအစဉ်၊ ကိုရီးယားရုပ်ရှင် ကြိုတင်ဓာတ်လမ်းများစသည့် သတင်းဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

ဆက်သွယ်နိုင်

The Live News ဂျာနယ်သို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စ ဆောင်ရွက်လိုသူများသည် အမှတ် ၃၁၀ ဝါးတန်းလမ်း မြေညီထပ် အခန်း ၀၀၄ လမ်းမတော်မြို့နယ် ဖုန်း-၂၂၉ ၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရန်ကုန် အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်က ကျောက်တံတားမြို့နယ် အထကတွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ကိုနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင်ပြန်/ဆက်)

သွေးစစ်ဆေးခြင်းဖြင့် နှလုံးရောဂါတိုက်ခိုက်ခံရမှု ကြိုတင်သတိပေးနိုင်

နှလုံးရောဂါဝေဒနာရှင်များအား ၎င်းတို့၏သွေးကို စစ်ဆေးကြည့်ခြင်းအားဖြင့် နှလုံးရောဂါတိုက်ခိုက်ခံရမှု အနေအထားကို ကြိုတင်သတိပေးနိုင်ကြောင်း ကာလီဖိုးနီးယား တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

နှလုံးကြွက်သားများကို ပျက်စီးစေနိုင်သည့် ဓာတ်များ သွေးထဲတွင် ပါဝင်မှုအနေအထားကို စစ်ဆေးကြည့်ခြင်းဖြင့် နှလုံးရောဂါ ဆိုးရွားစွာဖြစ်ပေါ်နိုင်မည့် အခြေအနေကိုတွက်ဆကာ ဆရာဝန်များက လူနာအား ကြိုတင်သတိပေးနိုင်ကြောင်း ဆန်ဖရန်စစ္စကိုရှိ ကာလီဖိုးနီးယား တက္ကသိုလ်မှ သုတေသနပညာရှင် ဒေါက်တာမာရီဟိုးလေက ပြောကြားသည်။

နှလုံးရောဂါရှင် အမျိုးသား၊ အမျိုးသမီး ၁၀၀၀ ခန့်ကို လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်း စစ်ဆေးသုတေသနပြုခဲ့ရာမှ နှလုံးရောဂါ ကြိုတင်သတိပေးနိုင်မှုကို တွေ့ရှိခဲ့ရခြင်းဖြစ်သည်။ သို့သော် နှလုံးရောဂါရှင်များ အနေဖြင့် ပုံမှန်သွေးစစ်မှုလိုအပ်မည် ဖြစ်သည်။

သွေးထဲတွင် နှလုံးသွေးကြောနှင့် ကြွက်သားများကို ထိခိုက်ပျက်စီးစေသော ပရိုတိန်းဓာတ် များပြားသူများသည် နှလုံးရောဂါ ရုတ်တရက်ဖြစ်ပွားမှုနှင့် ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်ပြီး အချိန်တိုအတွင်း အမြန်ကုသခံရမည်ဖြစ်ကြောင်း ၎င်းက သတိပေးထားသည်။ **(အင်တာနက်)**

အင်တာနက်သတင်းနှင့်ဓာတ်ပုံ

သဲအင်းဂူအဓိဋ္ဌာန် ခုနစ်ရက်တရားစခန်း

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူ ဓမ္မဗိမ္မာန်တော်ကြီး၌ မူလ သဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမူနှင့်အညီ ဇန်နဝါရီ ၂၁ ရက်မှ ၂၈ ရက်အထိ အဓိဋ္ဌာန် ခုနစ်ရက် တရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းတွင် ရန်ကုန်တစ်မြို့လုံးဆိုင်ရာ သဲအင်းဂူ သာသနာပြုအဖွဲ့၏ ဩဝါဒါစရိယ ပဓာနကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဥတ္တရ(လားရှိုး) အရှင်သူမြတ်က ခန္ဓာကိုယ်တွေ့ သမထ ဝိပဿနာတရားတော်များ ချီးမြှင့် ဟောကြားပြသမည် ဖြစ်သည်။

တရားစခန်းဝင်လိုသူများ ဇန်နဝါရီ ၂၀ ရက် (စနေနေ့) ညနေ ၅ နာရီအရောက် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့်အတူ လာရောက်စာရင်းသွင်းနိုင်ကြပြီး နေ့ဆွမ်း၊ အရုဏ်ဆွမ်း လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဂါရဝပြုလက်ဆောင်ပေးအပ်

တာမွေ အထက(၁) (၁၂)ကြိမ်မြောက် ၁၉၇၂-၇၃ ဝန်းကျင် တပည့်ဟောင်းများ၏ မြတ်ဆရာကန်တော့ပွဲကို ဒီဇင်ဘာ ၁၇ ရက်က ပင်လုံခန်းမတွင် ကျင်းပရာ အသက်(၉၃)နှစ်ရှိ ဆရာမကြီး ဒေါ်လှတင်အား တပည့်ဟောင်းများက ဂါရဝပြုလက်ဆောင်ပေးအပ်ကြစဉ်။ (က-ပ)

ကိုယ်ဝန်ဆောင်မိခင်မှ ကလေးသို့ HIV ပိုးကူးစက်ခြင်းမှ ကာကွယ်ရေးစီမံချက် အသိပေးဆွေးနွေးပွဲနှင့် ဆင့်ပွားသင်တန်းဖွင့်

နေပြည်တော် ဇန်နဝါရီ ၁၁

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းစီစဉ်ဖွင့်လှစ်သည့် ပြည်သူလူထုအခြေပြု ကိုယ်ဝန်ဆောင်မိခင်မှ ကလေးသို့ HIV ပိုးကူးစက်ခြင်းမှ ကာကွယ်ရေးစီမံချက် (PMCT) အသိပေးဆွေးနွေးပွဲနှင့် မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ၉ ရက် နံနက်ပိုင်းတွင် တပ်ကုန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပသည်။

လွှဲပြောင်းပေးအပ်

အစီအစဉ်အရ ရှေးဦးစွာ နေပြည်တော် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေဦးက အမှာစကားပြောကြားပြီး စီမံချက်လုပ်ငန်းတွင် အသုံးပြုရန် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)က ထောက်ပံ့သည့် စက်ဘီး နှစ်စီးနှင့် သားဖွားခန်းသုံး ပစ္စည်းများကို မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးက ဒေါ်ဆွေဆွေဦးထံ လွှဲပြောင်းပေးအပ်သည်။ ဆက်လက်၍ အလှူရှင်များဖြစ်ကြသည့် ဦးဇော်လွင်-ဒေါ်စုစုဝင်း မိသားစု၊ ဦးမြင့်ဆွေ-ဒေါ်မြင့်မြင့်သန်း မိသားစု၊ ဦးအန့်ကူ-ဒေါ်ကျင်ကျင်သောင်း မိသားစုတို့က မြို့နယ်အသင်းအတွက် ငွေကျပ် ၁၀၀၀၀၀ စီ ပေးအပ် လှူဒါန်းကြရာ ဒေါ်ဆွေဆွေဦးက လက်ခံသည်။

အသိပေးရှင်းလင်း

ထို့နောက် နေပြည်တော်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ အတွင်းရေးမှူး ဒေါက်တာ အေးကိုကိုက HIV/AIDS နှင့် စပ်လျဉ်းသည့်လုပ်ငန်းများကို ရှင်းလင်း ပြောကြားပြီး မြန်မာနိုင်ငံ မိခင်နှင် ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်မေမာလာက PMCT စီမံချက်လုပ်ငန်းများကို အသိပေး ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြပြီး နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

● ကျောဖုံးမှ

အထောက်အကူပြု လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်ရာ အစစအရာရာ အဆင်ပြေချောမွေ့စေရန် သက်ဆိုင်ရာ ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် အကျယ်တဝင့် ပြောကြားသည်။

ထို့နောက် သင်တန်းသား လေ့လာရေးခရီးစဉ်စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်က လေ့လာရေးခရီးစဉ်နှင့် အထောက်အကူပြုလုပ်ငန်းအဖွဲ့ဖွဲ့စည်းတာဝန်ပေးအပ်မှုကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ တပ်ကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်မျိုးမျိုးကျော်က အသင်းပိုင် သားဖွားခန်း၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ဒေါ်ဆွေဆွေဦးက မြို့နယ်အဆင့် ဆင့်ပွားသင်တန်းအတွက် စီမံချက်ထောက်ပံ့ငွေကျပ် ၇၈၉၀၀ ကို မြို့နယ် အသင်းဥက္ကဋ္ဌထံ လွှဲပြောင်းပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပန်းတစ်ပွင့်တောင် ဆရာတော်တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်တောရ သာသနာပြုရိပ်သာ ပဓာနနာယက သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရ အရှင်သူမြတ်သည် ဇန်နဝါရီ၁၃ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (ဈ)ဘုမ္မာ ဆွမ်းလောင်းအောင်ပွဲ၊ ဖေဖော်ဝါရီ၂ရက်တွင် နွယ်သာကီ ၃ လမ်း မင်္ဂလာမဏ္ဍပ်၊ ၁၅ ရက်တွင်ရွှေပြည်သာ မြို့နယ် (တ) ၁၅ ရပ်ကွက် မင်္ဂလာမဏ္ဍပ်၊ ၂၈ ရက်တွင် မင်္ဂလာဒုံမြို့နယ် ၃/ခရပ်ကွက် တို့တွင် ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားများဟောကြားမည်ဖြစ်ပြီး ဆရာတော်အား တရားပွဲပင့်လျှောက်လိုပါက ဖုန်း-၀၅၅-၂၀၂၅၉၊ ၀၅၅-၂၀၅၃၃ တို့သို့ ဆက်သွယ် လျှောက်ထားနိုင်ကြောင်း သိရသည်။ **(က-ပ)**

စေတနာသမ္မာရဝတ်အသင်း တရားပွဲများကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

ကြည့်မြင်တိုင်မြို့နယ်လုံးဆိုင်ရာ စေတနာသမ္မာရဝတ်အသင်း ရာပြည့်နှစ်အကြို (၅၆)ကြိမ်မြောက် ရွှေပြားသင်္ကန်းအလှူတော်အောင်ပွဲ အထိမ်းအမှတ် အထူးဓမ္မသဘင်တရားပွဲများကို ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၁၃ ရက်တွင် ဘဒ္ဒန္တ ကောသလ္လ(ဓမ္မစေတီဆရာတော်)M.A(Buddhism)၊ ဇန်နဝါရီ၁၄ ရက်တွင် ဒေါက်တာကောဝိဒ (မဇ္ဈိမဂုဏ်ရည်ဆရာတော်)၊ ဇန်နဝါရီ၁၅ ရက်တွင် ဘဒ္ဒန္တ အင်္ဂီသ (ပါဠိကာရီဆရာတော်)၊ ဇန်နဝါရီ၁၆ ရက်တွင် တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တသုန္ဒရ(စွန်းလွန်းဂူဆရာတော်)၊ ဇန်နဝါရီ၁၇ ရက်တွင် ဘဒ္ဒန္တ ပညာနန္ဒ(သီတဂူကြယ်တစ်ပွင့်)၊ ဇန်နဝါရီ၁၈ ရက်တွင် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ (ရွှေရတုတိပိဋကဓရ၊ တိပိဋကကောဝိဒ)၊ ဇန်နဝါရီ၁၉ ရက်တွင် ဘဒ္ဒန္တသဒ္ဓမ္မ ကိတ္တိသာရ(အောင်ဆန်းဆရာတော်)၊ ဇန်နဝါရီ၂၀ ရက်တွင် ဘဒ္ဒန္တ ဣန္ဒက(ချမ်းမြေ့မြိုင်ဆရာတော်)၊ ဇန်နဝါရီ ၂၁ ရက်တွင် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ)၊ ဇန်နဝါရီ၂၂ ရက်တွင် ဘဒ္ဒန္တ ဆေကိန္ဒ(ဓမ္မဒူတ)၊ ဇန်နဝါရီ၂၃ ရက်တွင် သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရတို့က ကြည့်မြင်တိုင်မြို့နယ်ရှိ ဗားကရာလမ်း အထက(၁)ကျောင်းရှေ့တွင် ညစဉ် ၇ နာရီခွဲမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူမည်ဖြစ်ရာ ကြွရောက်တရားတော်နာယူကြပါရန် ဖိတ်ကြားနိုးဆော်ထားသည်။

(မြန်မာ့အလင်း)

ဓမ္မာစရိယစာမေးပွဲအချိန်စာရင်းထုတ်ပြန်

ရန်ကုန် ဇန်နဝါရီ ၁၁

၁၃၆၈ ခုနှစ် (၂၀၀၇ ခုနှစ်) ဓမ္မာစရိယစာမေးပွဲကို အောက်ပါအချိန်စာရင်းအတိုင်း ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ထုတ်ပြန်ကြေညာသည်။

အချိန်စာရင်း

ရက်စွဲ	အချိန်	ဘာသာ
၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၂ ရက် (၃-၄-၂၀၀၇) အင်္ဂါနေ့	မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ	ကျမ်းရင်း ပါရာဇိကကဏ် ပါဠိအဋ္ဌကထာ (၁)
၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၃ ရက် (၄-၄-၂၀၀၇) ဗုဒ္ဓဟူးနေ့	၎င်း	၎င်း (၂)
၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၄ ရက် (၅-၄-၂၀၀၇) ကြာသပတေးနေ့	၎င်း	သီလက္ခန္ဓဝဂ္ဂ ပါဠိအဋ္ဌကထာ (၁)
၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၅ ရက် (၆-၄-၂၀၀၇) သောကြာနေ့	၎င်း	၎င်း (၂)
၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၆ ရက် (၇-၄-၂၀၀၇) စနေနေ့	၎င်း	ဓမ္မသင်္ဂဏီ ပါဠိအဋ္ဌကထာ (၁)
၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးပြည့်ကျော် ၈ ရက် (၉-၄-၂၀၀၇) တနင်္လာနေ့	၎င်း	၎င်း (၂)
၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၉ ရက် (၁၀-၄-၂၀၀၇) အင်္ဂါနေ့	၎င်း	မြန်မာဂုဏ်ထူး ပါစိတျာဒိ ပါဠိအဋ္ဌကထာ သုတ်မဟာဝါ၊သုတ်ပါထိက ပါဠိအဋ္ဌကထာ မဇ္ဈိမနိကာယ ပါဠိအဋ္ဌကထာ သံယုတ္တနိကာယ ပါဠိအဋ္ဌကထာ အင်္ဂုတ္တရနိကာယ ပါဠိအဋ္ဌကထာ ဝိဘင်္ဂါဒိ ပါဠိအဋ္ဌကထာ ပဋ္ဌာနသမ္ဘိဒါမဂ္ဂ ပါဠိအဋ္ဌကထာ
၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၁၀ ရက် (၁၁-၄-၂၀၀၇) ဗုဒ္ဓဟူးနေ့	၎င်း	ပါဠိဂုဏ်ထူး ပါစိတျာဒိ ပါဠိအဋ္ဌကထာ (၁) သုတ်မဟာဝါ၊သုပါထိက ပါဠိအဋ္ဌကထာ (၁) ဝိဘင်္ဂါဒိ ပါဠိအဋ္ဌကထာ (၁)
၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၁၁ ရက် (၁၂-၄-၂၀၀၇) ကြာသပတေးနေ့	၎င်း	ပါစိတျာဒိ ပါဠိအဋ္ဌကထာ (၂) သုတ်မဟာဝါ၊သုတ်ပါထိက ပါဠိအဋ္ဌကထာ(၂) ဝိဘင်္ဂါဒိ ပါဠိအဋ္ဌကထာ (၂)

စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ခရိုင်ချင်းဆက်လမ်းအမှတ်(၁)ဆောင်ရွက်နေမှုကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ၉ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ခရိုင်ချင်းဆက် လမ်းအမှတ်(၁) ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းနိုင်တို့က လမ်းနှင့်တံတားတည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

စစ်ဆေး

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်များသည် တိုက်ကြီးမြို့နယ် လမ်းပိုင်းရှိ မိုင်တိုင်(၄၇/၀)နှင့် မိုင်တိုင်(၄၅/၀)အနီး ကျောက်ချောလမ်းခင်းနေမှုနှင့် ပေ ၂၀၀ အရှည်ရှိ ဥက္ကံချောင်းကူး သစ်သားတံတား တည်ဆောက်ပြီးစီးနေမှု **(အပေါ်ပုံ)** အခြေအနေများနှင့် တိုက်ကြီးမြို့နယ်နှင့် မှော်ဘီမြို့နယ်လမ်းပိုင်းတို့၌ ကျောက်ချောလမ်းဖောက်လုပ်ပြီးစီးမှုများကို စစ်ဆေးပြီး လမ်းနှင့်တံတား တည်ဆောက်နေမှုများကို သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးစေရေး၊ အရည်အသွေးစံချိန်စံညွှန်း ကိုက်ညီရေးမှာကြားသည်။

ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့၏ ခရိုင်ချင်းဆက်လမ်း အမှတ်(၁) သည် တိုက်ကြီးမြို့နယ် မီးနင်းချောင်းအနီးမှ မှော်ဘီမြို့နယ်ကို ဖြတ်သန်းကာ လှည်းကူးမြို့နယ် အမှတ်(၃) လမ်းဆုံအထိ ဆောင်ရွက်ရမည်ဖြစ်ပြီး လမ်းအရှည်မှာ ၃၉ မိုင် ၆ ဖာလုံရှိကာ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အင်းစိန်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲကို ဇန်နဝါရီ၄ ရက်က မြို့နယ်ကျန်းမာရေးဦးစီးဌာန၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်အုန်းမြ၊ ဒေသန္တရဆရာဝန်များနှင့် သူနာပြုများက ပြိုင်ပွဲဝင်ကလေးတစ်ဦးအား အကဲဖြတ်အမှတ်ပေးကြစဉ်။ (မိခင်နှင့်ကလေး)

ကျောက်ဖြူ ဥပစာကောလိပ် အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်မြို့ရှိ ကျောက်ဖြူ ဥပစာကောလိပ် (ICK) ကျောင်းသားကျောင်းသူများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဇန်နဝါရီ၂၀ ရက် နံနက် ၉ နာရီတွင် ဦးဝိစာရလမ်း ကန်တော်မင်္ဂလာပန်းခြံ ရှမ်းကန်-၃ စားသောက်ဆိုင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

၁၉၅၄ ခုနှစ်မှ ၁၉၆၂ ခုနှစ်ထိ ရခိုင်ပြည်နယ်ကျောက်ဖြူမြို့ ကျောက်ဖြူ ဥပစာကောလိပ်သို့ တက်ရောက် သင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူများသည် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲသို့ တက်ရောက်ကြပါရန် ဖြစ်မြောက်ရေးအတွက် ဆောင်ရွက်သူများက နှိုးဆော်ထားသည်။ တက်ရောက်လိုသူများသည် ဦးဦးထွန်းဝေ ဖုန်း-၅၃၇၀၀၀၊ ဦးကျော်မွေး ဖုန်း-၅၀၃၀၂၃၊ ဦးမောင်မောင်ခင် ဖုန်း-၅၈၄၃၈၁ နှင့် ဦးစံလှကျော် ဖုန်း-၀၉-၅၁-၆၇၃၅၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ဝန်ကြီးဗိုလ်ချုပ်ဌေးဦး ခပေါင်းတမံလုပ်ငန်းများ ကြည့်ရှုစစ်ဆေး စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားအောင် ဆက်စပ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၁

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၈ရက် မွန်းလွဲပိုင်းက ပဲခူးတိုင်း ညောင်လေးပင်မြို့ ဆည်မြောင်းရိပ်သာသို့ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူး ဦးမြင့်သန်းက တည်ဆောက်ပြီးစီးနေသော ရဲနွယ်ရေလှောင်တမံမှ ဆည်ရေပေးနိုင်ရန်အတွက် ရေလွှဲဆည်နှင့် ရေသောက်စနစ် တည်ဆောက်နေသည့်လုပ်ငန်းကို ရှင်းလင်းတင်ပြသည်။

ဝိုင်းဝန်းဆောင်ရွက်

ထို့နောက် ဝန်ကြီးက တူးမြောင်းနှင့်အဆောက်အအုံများ သေသပ်ခိုင်ခံ့ရေး၊ ရေသောက်ဧရိယာရှိ တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားပြီး လူမှုစီးပွားရေးမြင့်မားလာအောင် ဝိုင်းဝန်းဆောင်ရွက်ရေး မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် အုတ်တွင်းမြို့ အနောက်ဘက် ၁၅ မိုင်အကွာတွင် ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်နေသည့် ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ သွားရောက်၍ တည်ဆောက်ဆဲ လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့အား ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅) ညွှန်ကြားရေးမှူး ဦးမျိုးမြင့်က ရေလွှဲဥမင်လိုဏ် ပြီးစီးမှု၊ မြေသားတမံပြီးစီးမှု၊ ရေပိုလွှဲ ပြီးစီးမှုနှင့် ရေလွှဲဆည်၊ ဆည်ရေသောက်စနစ်ဆက်လက်ပြုလုပ်နေမှု၊ ရေလွှဲဥမင်လိုဏ်ရှေ့၌ ရေတားတမံပြုလုပ်ပြီးစီး၍ ရေလွှဲဥမင်လိုဏ်အတွင်း၌ ပိတ်ဆို့ရန် ပြင်ဆင်နေမှုနှင့် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာနနှင့် ညှိနှိုင်းဆက်စပ်ဆောင်ရွက်နေသည့် လုပ်ငန်းများကိုလည်းကောင်း၊ အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၃) တည်ဆောက်ရေး ဒုတိယညွှန်ကြားရေးမှူး ဦးအေးဝင်းက ရေအားလျှပ်စစ် ထုတ်လုပ်ရန် ရေလွှဲဥမင်လိုဏ်အတွင်း ဆောင်ရွက်နေသည့် လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက လုပ်ငန်းများအချိန်မီပြီးစီးပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားအောင် ဌာနတစ်ခုနှင့်တစ်ခု ဆက်စပ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားကြရန်မှာကြားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မန္တလေး ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ အဖွဲ့ပိုင် သုံးထပ် ကျောင်းတော်ကြီး ဆောက်လုပ်ရန် အတွက် ကျောက်တံတား မြို့နယ် ပန်းဆိုးတန်းလမ်း အမှတ်(၁၂၀)နေ ဒေါ်နုနုရီ (အောင်ပြည့်စုံစာပေ) မိသားစုက အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ကျောင်းအကျိုးဆောင်အတွင်းရေးမှူး ဒေါ်မြရှင်က လက်ခံယူစဉ်။ (က-ပ)

အမှတ် ၃၂(ဘီ) ကုန်းမြင့်ရိပ်သာလမ်းသွယ် ပြည်လမ်း ခုနစ်မိုင် မရမ်းကုန်းမြို့နယ်နေ မောင်ရှိုင်းဘုန်းသက်၏ (၃)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ မျက်စိကုလေဆာစက်အတွက် အလှူငွေကျပ်ငါးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင် လက်ခံယူစဉ်။ (က-ပ)

မြို့နယ်အချို့၌ မီးလောင်မှုများဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၁၁

စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ် (၈)တိုးချဲ့ရပ်ကွက် အရှေ့ပိုင်းနေ ဦးသန်းထွန်း၏ နေအိမ်၌ ဇန်နဝါရီ ၉ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် မီးဖိုမီးကြွင်းမီးကျန်မှ မီးလောင်မှု ဖြစ်ပွားသည်။

အဆိုပါ မီးလောင်မှုကြောင့် အိမ်တစ်လုံး၊ နှစ်ထပ်အဆောက်အအုံ စာရင်းရုံးတစ်လုံး မီးလောင်ခံရပြီး လူခြောက်ဦး မီးဘေးဒုက္ခရောက်ကာ ငွေကျပ် ခုနစ်သောင်းဖိုးခန့် ဆုံးရှုံးသွားသည်။

ကြည့်မြင်တိုင်

အလားတူ ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ဆေးရိုးတန်းငြိမ်းချမ်းရေး ရပ်ကွက် ထီးတန်းလမ်းမကြီး တိုက်အမှတ်(၇) ခြောက်ထပ်နေ ဒေါ်အေးသန်း၏ အခန်း၌ ဇန်နဝါရီ ၉ ရက် ည ၉ နာရီခွဲခန့်တွင် ဖယောင်းတိုင် မီးထွန်းထားရာမှ ဖယောင်းတိုင်လဲကျပြီး မီးလောင်မှုဖြစ်ပွားသည်။

အဆိုပါ မီးလောင်မှုကြောင့် အိမ်တွင်းပစ္စည်းများ မီးလောင်ခံရပြီး ငွေကျပ် ၅၀၀၀၀၀ ဖိုးခန့် ဆုံးရှုံးသွားသည်။

နတ္တလင်း

ထို့အတူ ပဲခူးတိုင်း နတ္တလင်းမြို့နယ် ရွာမရပ်ကွက် အနောက်တာပွန်လမ်းနေ ဦးစိုးနိုင်၏ နေအိမ်၌ ဇန်နဝါရီ ၁၀ ရက် ည ၈ နာရီကျော်ခန့်တွင် မီးဖိုမီးကြွင်းမီးကျန်မှ မီးလောင်မှု ဖြစ်ပွားရာ မီးလောင်မှုကြောင့် အိမ် ၁၀ လုံး၊ ပဲခွဲစက်တစ်လုံး မီးလောင်ခံရပြီး လူ ၅၇ ဦး မီးဘေးဒုက္ခရောက်ကာ ငွေကျပ် ၁၂၈၀၀၀၀ ဖိုးခန့် ဆုံးရှုံးသွားသည်။

ဒဂုံမြို့သစ်(အရှေ့ပိုင်း)

အလားတူ ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ၁၂ ရပ်ကွက် ကျန်စစ်သားလမ်းရှိ စီအင်န်ဂျီ ဓာတ်ငွေ့ဆိုင်၌ ဇန်နဝါရီ ၁၀ ရက် ည ၇ နာရီခန့်က ယာဉ်အမှတ်(ဈ/၈၅၂၉)ဘီအမ်ယာဉ်ကို ဂက်စ်ဖြည့်စဉ် ယာဉ်မောင်း ဦးမျိုးဦး မီးခြစ် ခြစ်ရာမှ ကားဂက်စ်ပိုက်လိုင်း ယိုစိမ့်သောနေရာသို့ မီးကူးစက်လောင်ရာ မီးလောင်မှုကြောင့် ကားမှန်နှင့် ထိုင်ခုံအနည်းငယ် မီးလောင်ခံရပြီး ငွေကျပ် ၁၅၀၀၀ ဖိုးခန့်ဆုံးရှုံးကာ ယာဉ်မောင်း ဦးမျိုးဦး၏ လက်၊ ရင်ဘတ်၊ ကျောနှင့်မျက်နှာတို့တွင် ဒဏ်ရာရရှိခဲ့သည်။

ဗဟန်း

ထို့အတူ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းထောင့် ဆရာစံ(ပလာဇာ) (အေ)ဆောင် ဒုတိယထပ်ပိုင်ရှင် ဦးရှီမိုတာဝါ (အီးအမ်ယူ) ကွန်ပျူတာခန်းမ၌ ဇန်နဝါရီ ၁၀ ရက် ည ၁၀ နာရီခွဲခန့်တွင် ဝိုင်ယာရှော့ဖြစ်ရာမှ မီးလောင်မှု ဖြစ်ပွားသည်။

မီးလောင်မှုကြောင့် ဝိုင်ယာကြိုးနှင့် လိုက်ကာ မီးလောင်ခံရပြီး ငွေကျပ် ၂၀၀၀ ဖိုးခန့် ဆုံးရှုံးသွားကြောင်း မီးသတ်ဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

သုဓမ္မာနိကာယ ဝိနည်းစာပြန်ပွဲတော်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်တောင်ပိုင်းခရိုင် ရှစ်မြို့နယ် သုဓမ္မာနိကာယ ဝိနည်းစာပြန်ပွဲတော်ကြီးကို ခရိုင်အတွင်းရှိ မြို့နယ်များမှ အလှည့်ကျကျင်းပလာခဲ့ရာ သတ္တမအကြိမ်မြောက်အဖြစ် သန်လျင်မြို့ သာသနာ့ဗိမာန်တော်ကြီးတွင် ဇန်နဝါရီ ၁၄ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ စာပြန်ပွဲတော်ကြီးသို့ မြို့နယ်အသီးသီးမှ စာထောက်၊ စာမဆရာတော်ကြီးများအပါအဝင် စာဖြေသံဃာအပါး၂၅၀၀တို့က ကျမ်းစာပေါင်း ၄၀၀၀ခန့်ကို ပါဝင်ဖြေဆိုတော်မူမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှအလှူရှင်များအနေဖြင့် အချိန်မီကြွရောက် ကြည်ညိုလှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၁၂-၁-၂၀၀၇ ရက်
(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓေမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ရိုးရာကျေးလက်ကစားနည်း
၈:၀၀ ၆။ အတီးပြိုင်ပွဲ
၈:၁၀ ၇။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) (နမ့်မွေ)တံတား
၈:၂၀ ၈။ အကပြိုင်ပွဲ
၈:၂၅ ၉။ ကြေးမုံရိပ်သွင်တေးနှယ်ဉ်
၈:၃၀ ၁၀။ International News
၈:၄၅ ၁၁။ English for Everyday Use
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Practice in Reading
၁၆:၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
၁၆:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇:၁၀ ၆။ မြန်မာစာ မြန်မာစကား
၁၇:၂၅ ၇။ **"သတိနဲ့ယှဉ် အသိနဲ့ပြင်"** (အပိုင်း-၂) ဝါးခယ်မရဲမောင်၊ ဘုန်းလျံ၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေ ရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး (ဒါရိုက်တာ-မင်းအုပ်စိုး)
၁၇:၃၀ ၈။ နှောင်းခေတ်တေးပဒေသာ
၁၇:၄၅ ၉။ **"ညှော်မယ်ဇျို့"** ခန့်စည်သူ၊ ငှက်ပျောကြော်၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၁၈:၀၀ ၁၀။ ညနေခင်းသတင်း
၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
၁၉:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း-၁၃)
၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အကြင်နာနွေဦး"** (အပိုင်း-၃)
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

နတ်မ(ဝိတိုရိယ)တောင်ထိပ်သို့ တက်ရောက်ခဲ့သည့် အတွေ့အကြုံရှင်းလင်း

ရန်ကုန် ဇန်နဝါရီ ၁၁

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်ရှိ အမြင့်ပေ ၁၀၅၀၀ ရှိသော နတ်မ(ဝိတိုရိယ)တောင်ထိပ်သို့ တက်ရောက်ခဲ့သည့် ILBC ခြေလျင်နှင့် တောင်တက်အသင်းဝင် ကျောင်းသား ကျောင်းသူများ၏ အတွေ့အကြုံရှင်းလင်းပွဲ၊ အလံပေးအပ်ပွဲနှင့် ဂုဏ်ပြုရင်ထိုးတံဆိပ် ချီးမြှင့်ပွဲကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် လေးထောင့်ကန်လမ်း အမှတ် ၃၄ ရှိ ILBC အားကစားရုံ၌ ကျင်းပသည်။

ရှေးဦးစွာ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များနှင့် ILBC ကျောင်းသား ကျောင်းသူလေးများက နိုင်ငံတော်သီချင်းနှင့် ILBC ကျောင်းသီချင်းတို့ကို သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ILBC အုပ်ချုပ်မှုဒါရိုက်တာ ဦးတင်မောင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ILBC ကျောင်းအုပ်ဆရာကြီး ဦးလေးမောင်ထံ ILBC ခြေလျင်နှင့် တောင်တက်အသင်းအုပ်စု(၃)စု ခေါင်းဆောင်ကျောင်းသားများက အလံများပြန်လည်ပေးအပ်ကြသည်။

ဆက်လက်၍ ILBC အုပ်ချုပ်မှုဒါရိုက်တာ ဦးတင်မောင်ဝင်းက အသက်အငယ်ဆုံးတောင်တက်အသင်းဝင် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဒိုင်း ဆုချီးမြှင့်ပြီး (**အပေါ်ပုံ**) တာဝန်ရှိသူများက ILBC ခြေလျင်နှင့် တောင်တက်အသင်းဝင် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုရင်ထိုးတံဆိပ် ပေးအပ်ကြသည်။

အတွေ့အကြုံရှင်း

ထို့နောက် ILBC အုပ်ချုပ်မှုဒါရိုက်တာ ဦးတင်မောင်ဝင်းက ချင်းပြည်နယ် နတ်မ(ဝိတိုရိယ) တောင်ထိပ်သို့ တက်ရောက်ခဲ့သည့် ILBC ခြေလျင်နှင့် တောင်တက်ခရီးစဉ် အတွေ့အကြုံကို ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင်စာနယ်ဇင်းအသီးသီးမှ တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းကြရာ ILBC အုပ်ချုပ်မှုဒါရိုက်တာ ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများ၊ တောင်တက် အသင်းဝင် ကျောင်းသား ကျောင်းသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

အဆိုပါ နတ်မ(ဝိတိုရိယ)တောင်ထိပ်သို့ အုပ်ချုပ်သူ နည်းပြများနှင့် အသင်းဝင် ကျောင်းသား ကျောင်းသူ ၆၀ တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

အထက(၄) ပုဇွန်တောင် (၁၉၆၇-၁၉၇၇) ကျောင်းသားကျောင်းသူဟောင်းများ ဇန်နဝါရီ ၇ ရက်က ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် ရွှေသံလွင် ဘိုးဘွားရိပ်သာသို့ ငွေပဒေသာပင်စိုက်ထူခြင်း၊ ဘိုးဘွားများအား ဆေးကုသပေးခြင်းနှင့် တစ်နေ့စာ ကျွေးမွေးလှူဒါန်းကြစဉ်။ (က-ပ)

နယ်ချဲ့လက်သစ်၏ အသုံးတော်ခံဘဝရောက်နေ

ပညာရှင်များ၊ သုတေသီများက ကမ္ဘာ့လူသားအားလုံး အကျိုးရှိစေမည့် နည်းပညာများ၊ ပစ္စည်းများ၊ ကိရိယာများ၊ အသုံးအဆောင်များ၊ စက်ယန္တရားများ တီထွင်ခဲ့ကြသည်။ ပညာရှင်တို့ အချိန်ယူ၊ အပင်ပန်းခံ၍ တီထွင်ခဲ့သော ယင်းအသစ် တွေ့ရှိသမျှ တီထွင်မှုများကို နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး လောဘရမ္မက်ဖြင့် တစ်ကမ္ဘာလုံးအား လွှမ်းမိုးချုပ်ကိုင်လိုသူများက ၎င်းတို့အကျိုးအတွက် တလွဲသုံးလေ့ရှိကြသည်။ ဥပမာ–အဏုမြူ၊ နျူကလီးယားကို သိပ္ပံပညာရှင်များ ကာလကြာမြင့်စွာ စမ်းသပ်တီထွင်ခဲ့ကြရသည်။ ယင်းစွမ်းအား (အာနိသင်)ပြင်းသော အဏုမြူ၊ နျူကလီးယားများကို စက်မှုလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးယာဉ်များအတွက် စွမ်းအင်(လောင်စာ)အဖြစ် သုံးကြမည်၊ သို့မဟုတ် ဆေးဝါးကုသရေးအတွက် (ဓာတ်ရောင်ခြည်၊ ရေဒီယိုအိုင်ဆိုတုပ် စသည်) သုံးကြမည်ဆိုလျှင် လူသားအကျိုးပြုပစ္စည်းများ ဖြစ်လာနိုင်ပေမည်။

သို့သော် လောဘလွှမ်းကျူးသူများက အဏုမြူ၊ နျူကလီးယားတို့ကို ဗုံးအဖြစ်၊ ဒုံးပျံထိပ်ဖူးအဖြစ် ထုတ်လုပ်စေခဲ့သဖြင့် ယနေ့ကမ္ဘာ့ပြည်သူများသည် နျူကလီးယားဗုံးများ၊ ဒုံးများကို ဖင်ခုထိုင်ထားရသကဲ့သို့ စိုးရိမ် ထိတ်လန့်နေကြရသည်။ ကမ္ဘာပေါ်တွင် အဏုမြူဗုံးကို ပထမဆုံး စမ်းသပ်အောင်မြင် ထုတ်လုပ်ခဲ့သော အမေရိကန်ပြည်ထောင်စုသည် ၁၉၄၅ခုနှစ် ဩဂုတ်လ၆ရက်နေ့က ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့ပေါ်သို့လည်းကောင်း၊ ဩဂုတ်လ၉ရက်နေ့က နာဂါဆာကီမြို့ပေါ်သို့လည်းကောင်း အဏုမြူဗုံးနှစ်လုံး ကြဲချခဲ့ရာ အရပ်သားများ သိန်းချီသေဆုံးခဲ့ရပြီး မြို့ကြီးနှစ်မြို့စလုံး ပြောင်သလင်းခါအောင် ပျက်စီးခဲ့ရသည်။ ယနေ့ ကာလတွင် ကမ္ဘာပေါ်၌ နျူကလီးယား လက်နက်ပိုင်ဆိုင်သောနိုင်ငံ များပြားလာသည်။ ဟီရိုရှီးမားမြို့ပေါ်ကြဲချသော အဏုမြူဗုံးထက် အဆပေါင်း များစွာပြင်းအားရှိသော ဗုံးကြီးများ ထုတ်လုပ်ထားကြသည်။ လက်နက်အပြိုင် ထုတ်လုပ်စုဆောင်းလာကြသည်။ မူလ အဏုမြူစမ်းသပ်တီထွင်ခဲ့သော ပညာရှင်များသာ အသက်ရှင်လျက်ရှိနေပါက ရင်ကျိုးလောက်ပေသည်။

အလားတူတီထွင်မှုများကို ငြိမ်းချမ်းသောနည်းဖြင့် လူသားအကျိုးအတွက် မသုံးဘဲ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးတို့တွင် တလွဲသုံးလာမှု အများအပြားရှိပေသည်။ ဆွီဒင်နိုင်ငံတွင် ၁၈၃၃ခုနှစ်က ခရစ်ယာန်ဘုန်းတော်ကြီးတစ်ပါးက မွေးစားခဲ့သူ အဲလ်ဖရက်နိုဘယ်လ်သည် ကိုယ့်ဒူးကိုယ်ချွန်ကြိုးစားပြီး ဓာတုဗေဒပညာလေ့လာဆည်းပူးခဲ့သူဖြစ်သည်။ ၁၈၆၇ခုနှစ်တွင် ဒိုင်းနမိုက်(ယမ်းဘီလူး)တီထွင်ခဲ့သည်။ ၁၈၇၈ခုနှစ်တွင် ကော်ဒိုက်ယမ်း လုပ်ခဲ့သည်။ ယင်းယမ်းဘီလူးများကို ရေနံတွင်းနှင့် သတ္တုမိုင်းများတူးရာ၊ လမ်းဖောက်တံတားဆောက်ရာ၌ အတားအဆီးဖြစ်သည့် ကျောက်တုံးများ၊ တောင်ကုန်းများအား ဖယ်ရှားရာ၌ အသုံးပြုဖောက်ခွဲရန် နိုဘယ်လ်က ရည်ရွယ်ခဲ့သည်။ နိုဘယ်လ်သည် ဒိုင်းနမိုက်များအသုံးပြုပြီး ရေနံတွင်း၊ သတ္တုတွင်း တူးဖောက်မှု တွင်ကျယ်လာသဖြင့် ငွေကြေးကြွယ်ဝချမ်းသာခဲ့သည်။ ၎င်းပိုင် ငွေများဖြင့် ဂျာမနီ၊ ပြင်သစ်၊ အီတလီ၊ အင်္ဂလန်၊ ဩစတြီးယားနှင့် အမေရိကန်ပြည်ထောင်စုတွင် စီးပွားရေးလုပ်ငန်းများ ထူထောင်ခဲ့သည်။ ဆွီဒင်မှ ဘော်ဖာလက်နက်စက်ရုံကိုလည်း ဝယ်ယူခဲ့သည်။

၁၈၉၆ခုနှစ်တွင် အီတလီနိုင်ငံ ဆန်ရီမိုမြို့၌ နိုဘယ်လ်ကွယ်လွန်ခဲ့သည်။ သူတီထွင်သော ဒိုင်းနမိုက်ယမ်းများကို စစ်ပွဲများတွင် သုံးကာ တံတားချိုး၊ လမ်းဖျက်၊ အဆောက်အအုံဖြို၊ လူသတ်လုပ်လာကြသည်ကို မြင်တွေ့နေရသော နိုဘယ်လ်သည် ကွယ်လွန်သည့်တိုင် စိတ်မချမ်းမြေ့ခဲ့ပေ။ ထို့ကြောင့် သူပိုင်ငွေကြေးများကို ဆွီဒင်ဘဏ်၌ အပ်နှံထားခဲ့ကာ နှစ်စဉ်အတိုးအပွားများဖြင့် ဓာတုဗေဒဆု၊ ရူပဗေဒဆု၊ ဆေးပညာဆိုင်ရာဆု၊ စာပေဆု၊ ငြိမ်းချမ်းရေးဆုများ ရွေးချယ်ဆုပေးရန် သေတမ်းစာရေးခဲ့သည်။ ရှစ်နိုင်ငံတွင် အခြေစိုက်ထားသော နိုဘယ်လ်၏ စီးပွားရေးလုပ်ငန်းများမှရရှိသည့် အကျိုးအမြတ် အတိုးအပွားများကိုလည်း နိုဘယ်လ်ဆုရှင်များအား ပေးအပ်သည့် ဆုကြေးများအဖြစ် အသုံးပြုခဲ့သည်။

နိုဘယ်လ်၏ အဆိုပါသေတမ်းစာမှာ စာလုံး သုံးရာပင်မပြည့်တတ်ချေ။ ၁၉၆၈ခုနှစ်တွင် စတော့ဟုမ်းမြို့တော်မှ ထုတ်ဝေခဲ့သော "အဲလ်ဖရက်နိုဘယ်လ်နှင့် နိုဘယ်လ်ဆုများ"(Alfed Nobel and the Nobel Prizes) စာအုပ်တွင် ရူပဗေဒ၊ ဓာတုဗေဒ၊ ခန္ဓာသဘာဝဗေဒ (Physiology) သို့မဟုတ် ဆေးဝါးပညာ၊ စာပေနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးစေသည့် ငြိမ်းချမ်းရေးဆောင်ရွက်မှုစသည်တို့ကို ဆုများပေးရန် မှာကြားခဲ့ကြောင်း ဖော်ပြပါရှိသည်။

လူသားအကျိုးပြု သိပ္ပံပညာရပ် တီထွင် ဖော်ထုတ်သူများ၊ လူသားအကျိုးပြု စာပေရေးသားသူများ၊ နိုင်ငံချင်း ချစ်ကြည်ပြီး တစ်နိုင်ငံနှင့်တစ်နိုင်ငံ စစ်မက်မဖြစ်ပွားရေးအတွက် အားထုတ်ကြိုးပမ်းသော ငြိမ်းချမ်းရေးဝါဒီများကိုသာ နှစ်စဉ်(နိုင်ငံ၊ လူမျိုးမရွေး) ရွေးချယ် ဆုပေးရန်ဖြစ်သည်။ အထက်ပါစာအုပ် စာမျက်နှာ(၈) တွင် ဤသို့ ဖော်ပြထားသည်–

"The Field in which he wished to stimulate progress, as outlined in a document of less than three hundred words , were Physics, Chemistry, Physiology or medicine ,literature and fraternity among nations"

၁၉၀၁ ခုနှစ်မှစပြီး နိုဘယ်လ်ဆုများ ရွေးချယ်ပေးအပ်ခဲ့သည်။ ဆွီဒင်နိုင်ငံ သိပ္ပံအကယ်ဒမီအဖွဲ့၊ တော်ဝင်အကယ်ဒမီအဖွဲ့မှ ပညာရှင်များက နှစ်စဉ် နိုဘယ်လ်ဆုများ ရွေးချယ်ခဲ့သည်။ အဲလ်ဖရက်နိုဘယ်လ်ကို ဂုဏ်ပြုသောအားဖြင့် ဆွီဒင်ဗဟိုဘဏ်က မိမိတို့ဘဏ်ငွေကြေးဖြင့် နိုဘယ်လ်စီးပွားရေးပညာ (ဘောဂဗေဒ)ဆုများ ရွေးချယ်ကာ ၁၉၆၉ခုနှစ်မှ စတင်ပေးအပ်ခဲ့သည်။

ယခင်က ဆွီဒင်နှင့် နော်ဝေနိုင်ငံတို့ တစ်နိုင်ငံတည်းအဖြစ် ပေါင်းစည်းခဲ့ကြသဖြင့် နိုဘယ်လ်ဆုများကို အတူတူ ပူးပေါင်းရွေးချယ်ခဲ့သည်။ ၁၉၀၅ခုနှစ်တွင် နော်ဝေနိုင်ငံသည် ဆွီဒင်နှင့်ခွဲထွက်ကာ သီးခြားလွတ်လပ်သော နိုင်ငံဖြစ်လာသည်။ ဆွီဒင်ကနော်ဝေအား နိုဘယ်လ်ငြိမ်းချမ်းရေးဆု ရွေးချယ်ခွင့် ခွဲတမ်းချပေးခဲ့သည်။ နိုဘယ်လ်၏ ၁၈၉၅ခုနှစ် သေတမ်းစာမှာ ရှင်းရှင်းလင်းလင်း မရှိခဲ့ချေ။ နိုဘယ်လ်၏အမွေကို ဆက်ခံခွင့်ရှိသူ ဆွေမျိုးများက နိုဘယ်လ်ဆုပေးခြင်းကို ကန့်ကွက်ခဲ့ကြသေးသည်။ငြိမ်းချမ်းရေးဆုနှင့် ပတ်သက်၍လည်း သေတမ်းစာတွင် ပီပီပြင်ပြင် တိတိကျကျ မှုချမပေးခဲ့။

နော်ဝေနိုင်ငံပါလီမန်က ငြိမ်းချမ်းရေးနိုဘယ်လ်ဆု ရွေးချယ်ရေးငါးဦး ကော်မတီကို ရွေးချယ် ခန့်ထားပေးသည်။ ယနေ့ဆိုလျှင် နိုဘယ်လ်ဆုများ စတင် ရွေးချယ်ပေးအပ်ခဲ့သည်မှာ ၁၀၆နှစ်ပင်ရှိချေပြီ။ ကာလရွေ့လျောလာသကဲ့သို့ ဆုရွေးချယ်မှု အနေအထားများသည်လည်း တိမ်းယိမ်းလာပြီဖြစ်သည်။ ပညာရပ်ဆုများ(ဓာတု၊ ရူပ၊ ဆေးပညာ၊ ဘောဂဗေဒဆု)တွင် အမေရိကန်နှင့် ဗြိတိန်တို့မှ အများဆုံးရကြသည်။ အမေရိကန် နိုဘယ်လ်ဆုရှင်အများစုမှာ ဦးနှောက် ယိုစီးမှုပုံစံအရ ဥရောပနိုင်ငံစုံမှ အမေရိကန်သို့ ပြောင်းရွှေ့လာသူများဖြစ်ပေသည်။

စာပေဆုများတွင် နိုင်ငံရေးအရိပ်ထိုး အရောင်ဆိုးမှု များပြားလာခဲ့သည်။ ဒုတိယကမ္ဘာစစ်ပြီးသည့်နောက်ပိုင်း (စစ်အေးကာလ)တွင် နိုဘယ်လ်စာပေဆု၊ ငြိမ်းချမ်းရေးဆုများ ရွေးချယ်မှုသည် ကိုလိုနီလက်သစ်စော် နံလာခဲ့သည်။ နိုဘယ်လ်ဆု မူရင်းဖြစ်သည့် ဆွီဒင်နိုင်ငံစာနယ်ဇင်းများ၊ အဓိကနိုင်ငံရေးပါတီကြီးများဖြစ်သော ကွန်ဆာဗေးတစ်ပါတီနှင့် ဆိုရှယ်ဒီမိုကရက်တစ်ပါတီတို့က နိုဘယ်လ်ဆုရွေးချယ်မှုများအပေါ် အပြစ်မြင်ဝေဖန်လာကြသည်။ နိုဘယ်လ်၏ ဆုရွေးချယ်ရေး ရည်ရွယ်ချက်ကောင်းများကို တလွဲသုံးလာကြ၍ ဖြစ်သည်။

နိုဘယ်လ်ပညာရပ်ဆုများ ရွေးချယ်ရာ၌ ရွေးချယ်ရသည့် အကြောင်းရင်းများကိုဖော်ပြသော်လည်း ငြိမ်းချမ်းရေး နိုဘယ်လ်ဆု ရွေးချယ်သောအကြောင်းရင်းကို ဖော်ပြရန်မလိုဟုဆိုသည်။ ဤတွင် **ကိုလိုနီလက်သစ်ဝါဒီများ၊ အနောက်အင်အားကြီး နိုင်ငံများမှ ထောက်လှမ်းရေးအဖွဲ့များသည် နိုဘယ်လ်စာပေဆုနှင့် နိုဘယ်လ်ငြိမ်းချမ်းရေးဆု ရွေးချယ်မှုများ၌ အရိပ်ထိုးလာကြ**သည်။ ခြယ်လှယ်လွှမ်းမိုးနိုင်လာကြသည်။ ပေးချင်သလို ပေး၍ရသည့်သဘော အဓိပ္ပာယ်ဖွင့်လာကြသည်။

ဆိုဗီယက်ပြည်ထောင်စုမှ စာပေနှင့် ငြိမ်းချမ်းရေးဆုရသူများကိုကြည့်လျှင် ဆိုရှယ်လစ်ဆန့်ကျင်ရေး ဝတ္ထုဖြစ်သော ဒေါက်တာဇီဗားဂိုးဝတ္ထုရေးသူ စာရေးဆရာဘောရစ်ပါစတာနပ်၊ စတာလင်ခေတ်ဆန့်ကျင်ရေးသမားနှင့် အဖျက်သမားများထားရှိရာ အကျဉ်းစခန်းများကို စွပ်စွဲ ပုတ်ခတ်ရေးသားသည့် စာရေးဆရာ(ဆိုဗီယက်တပ်မတော်မှ ဗိုလ်ကြီးပြုတ်)အလက်ဇန္ဒာဆိုလ်ဇင်နစ်ဆင်၊ ဆိုဗီယက်အစိုးရကိုဆန့်ကျင်သော ရူပဗေဒပညာရှင် ဆာခါရော့ဗ်(ငြိမ်းချမ်းရေးဆု)တို့ဖြစ်ကြောင်း တွေ့ရှိနိုင်သည်။ ဒွန်မြစ်ညင်သာစီးလျက်ပါ ဂန္ထဝင်ဝတ္ထုများရေးသည့် မီခေးလ်ရှိုလိုကော့ဗ်သည် ၁၉၆၅ ခုနှစ် နိုဘယ်လ်စာပေဆုရခဲ့သည်။ ရှိုလိုကော့ဗ်တစ်ယောက်သာလျှင် ဆိုဗီယက်စနစ်ကိုမဆန့်ကျင်ဘဲ နိုဘယ်လ်ဆုရသူဖြစ်သည်။ နောက်ထပ်ငြိမ်းချမ်းရေး နိုဘယ်လ်ဆုရသူမှာ ဆိုဗီယက်သမ္မတ မိခေးလ်ဂေါ်ဘာချော့ဗ် (၁၉၉၀ပြည့်နှစ်) ဖြစ်သည်။ ဘောရစ်ပါစတာနပ်သည် နိုဘယ်လ်ဆုကိုသွားမယူခဲ့ပေ။ ဆိုလ်ဇင်နစ်ဆင်သည် ပြည်ပြေးဘဝ ခံယူပြီး နိုဘယ်လ်ဆုသွားယူကာ အမေရိကန်၌ အခြေချနေထိုင်ရင်း စီအိုင်အေအလိုကျ ဆိုဗီယက်ဆန့်ကျင်ရေးလုပ်ငန်းများ လုပ်ခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် ဆိုလ်ဇင်နစ်ဆင် ရုရှားသို့ပြန်လာရာ ကြိုဆိုသူမရှိချေ။ စာနယ်ဇင်းများကမူ ဆိုလ်ဇင်နစ်ဆင်သည် နိုင်ငံတွင်းသို့ အနောက်က တာဝန်ပေးချက်အရ အဖျက်လုပ်ငန်းလုပ်ရန် ပြန်လာလေသလောဟုပင် သံသယဖြင့် ရေးသားခဲ့သည်။ **(ဇက်ဗ်ထရာဂျာနယ်နှင့် ညီဇာဗီဆီဗာယား ဂေဇက်တား သတင်းစာရေးသားချက်များမှ)**

နိုဘယ်လ် ငြိမ်းချမ်းရေးဆုအတွက် အိန္ဒိယ အမျိုးသားခေါင်းဆောင်၊ အကြမ်းမဖက်နည်း၊ နိုင်ငံရေးပဋိသိနည်းဖြင့် လွတ်လပ်ရေးကြိုးပမ်းခဲ့၍ ကမ္ဘာကလက်ဖျားခါ ချီးကျူးရသော မဟတ္တမဂန္ဒီကြီးအား ရွေးချယ်ရန် သုံးလေးကြိမ်အဆိုပြုလာသဖြင့် နော်ဝေငါးဦးကော်မတီက စဉ်းစားခဲ့သေးသည်။ မဟတ္တမဂန္ဒီ၏ ငြိမ်းချမ်းရေးလမ်းစဉ်အဖြစ် ကြိုးပမ်းဆောင်ရွက်မှုများကို မည်သူမျှ မငြင်းနိုင်ပေ။ သို့သော် နော်ဝေနိုင်ငံအား ဗြိတိန်နိုင်ငံက စစ်တွင်းကာလတွင် ထောက်ပံ့ကူညီခဲ့သည်။ ကာကွယ်ပေးခဲ့သည်။ ထို့ကြောင့် ဗြိတိန်သည် နော်ဝေ၏ ကျေးဇူးရှင် ဖြစ်သည်။ မဟတ္တမဂန္ဒီသည် ဗြိတိသျှအစိုးရလက်အောက်မှ အိန္ဒိယအချုပ်အခြာ အာဏာကို ပြန်လည်တိုက်ယူနေသူဖြစ်၍ နိုဘယ်လ်ဆုမပေးနိုင်ဟု ငြင်းဆန်ကာ သုံးလေးကြိမ်ပယ်ချခဲ့သည်။ **(အေရှဝိခ်စာစောင်ဖော်ပြချက်မှ)**

ယခုအခါ ကိုလိုနီလက်သစ်နိုင်ငံကြီးများက ပစ်မှတ်ထားသည့် နိုင်ငံများအပေါ် လူ့အခွင့်အရေးစွပ်စွဲချက်များဖြင့် ထိုးနှက်ဝေဖန် ပုတ်ခတ်ပေးနေသည့် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (Amnesty International) အား ၁၉၇၇ခုနှစ်တွင် ငြိမ်းချမ်းရေးနိုဘယ်လ်ဆု ပေးအပ်ခဲ့သည်။ ၁၉၇၅ခုနှစ် ငြိမ်းချမ်းရေးနိုဘယ်လ်ဆုကိုလည်း ဆိုဗီယက်အစိုးရအား ဆန့်ကျင်သည့် ရူပဗေဒပညာရှင် အင်ဒရေဆာခါရော့ဗ်အား ပေးအပ်ခဲ့သည်။

၁၉၈၂ခုနှစ်တွင် အမေရိကန်သမ္မတ ရော်နယ်ရီဂင်သည် ဗာတီကန်စီတီးတွင် ပုပ်ရဟန်းမင်း ဂျွန်ပေါလ်နှင့် လျှို့ဝှက်တွေ့ဆုံကာ ပုပ်ရဟန်းမင်း၏ ဇာတိချက်ကြွေဖြစ်သော ပိုလန်(ဆိုရှယ်လစ်) နိုင်ငံမှ ဆိုရှယ်လစ်အစိုးရကို ဖြုတ်ချရန် ဆွေးနွေး ဆုံးဖြတ်ခဲ့သည်။ ပိုလန်ရှိ ရိုမန်ကက်သလစ်ဘာသာရေး ဂိုဏ်းနှင့် ပိုလန်သင်္ဘောကျင်း

အင်ဂျင်နီယာလက်ဝါလက်ဆာအ...

သည်။ ၁၉၈၃ခုနှစ်တွင် ပိုလန်...

သော လက်ဝါလက်ဆာသည် ငြ...

သည်။ **(အမေရိကန်တိုင်းမ်မဂ္ဂဇ...**

တိဗက်ကို တရုတ်ပြည်မှ ခွဲ...

ဗြိတိန်တို့က အားထုတ်ခဲ့သည်။ တိ...

ခေါ်ထုတ်ကာ တိဗက်လွတ်လပ်...

ဗန်းတင်ပေးရန် ၁၉၈၉ခုနှစ်တွင် ...

သည်။ ၁၉၈၉ခုနှစ် မေလနှင့် ...

တိုင်အန်မင်းရင်ပြင်ဆူပူမှုနှင့် တိုက်...

ငြိမ်းချမ်းရေးဆု ပေးခြင်းဖြစ်သ...

မှုဖြင့် တရုတ်အစိုးရကို ဖြုတ်ချနိုင်...

ခေါင်းဆောင်အဖြစ် ထိုးသွင်းက...

ကြံစည်ခဲ့ခြင်းဖြစ်သည်။)

၁၉၇၃ခုနှစ်တွင် ကျူးကျေ...

တွင် စစ်ရေးရှုံးနိမ့်နေပြီဖြစ်သည်...

တော့မည် ဖြစ်သည်။ ဤအခြေအ...

ဆိုရမည့် အမေရိကန်နိုင်ငံခြားရေ...

မြောက်ဗီယက်နမ် နိုင်ငံခြားရေးဝ...

ငြိမ်းချမ်းရေးဆု ပူးတွဲပေးအပ်ခဲ့...

ကစ်ဆင်ဂျာကဲ့သို့ ကျူးကျော်သူ...

အတူမယူနိုင်ဟုဆိုကာ ငြင်းပယ်...

ဆိုဗီယက်ပြည်ထောင်စုအ...

သော လစ်သူယေးနီးယား၊ လတ်...

တို့သည်(အမေရိကန်၏ ပယောဂ...

ဆိုဗီယက်ပြည်သူ ၇၆ ရာခိုင်နှုန်...

ဆန္ဒပြုထားသဖြင့် ဆိုဗီယက်သ...

ပြည်ထဲရေးတပ်များစေလွှတ်ကာ ...

နှိမ်နင်း တားဆီးခဲ့သည်။ အမေရိ...

ခွင့်ပြုရန် ဂေါ်ဘာချော့ဗ်အား တို...

ကလည်း လူထုဆန္ဒအရ ခွဲထွက်...

ပြည့်နှစ်တွင်မူ ဂေါ်ဘာချော့ဗ်အ...

ပေးအပ်လိုက်သည်။ ဂေါ်ဘာချေ...

ထောက်ပြီး) ထိုသုံးနိုင်ငံခွဲထွက်မှ...

ဤသို့ဖြင့် ၁၉၉၁ခုနှစ်ကုန်တွင် ...

ကွဲကာ ပြိုလဲသွားခဲ့သည်။

၁၉၉၀ ပြည့်နှစ် မြန်မာနိုင်ငံ...

အထွေထွေရွေးကောက်ပွဲတွင် နိုင်...

စေရန် မည်သည့်စွက်ဖက်မှုမျှ မ...

တောတွင်း လက်နက်ကိုင်သော...

များ၏ ပယောဂမျိုးစုံဖြင့် တစ်ပါ...

ခဲ့သည်။ ယင်းရွေးချယ်ခံ ကိုယ်စာ...

လုံးဝမရှိဘဲဖြစ်နေသော ဖွဲ့စည်းပုံ...

ရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအ...

ကာလတို့၌ အစိုးရက အသိပေ...

NLD ပါတီက (အနောက်အုပ်စု...

လွှတ်တော်ခေါ်ပြီး အာဏာလွှဲ...

ကင်းမဲ့စွာ တောင်းဆိုနေခဲ့သည်။...

ဒေါ်စုကြည်သည် ၎င်း၏ဖခင် ဗိုလ်...

ရွေးကောက်ပွဲ အခြေခံမှုများနှင့် ...

မရရှိခဲ့ချေ။ အနောက်အုပ်စုက N...

ရေးအတွက် ဒေါ်စုကြည်အား အ...

နိုင်ငံတော်နှင့် ထိပ်တိုက်ရင်ဆိုင်မှ...

၎င်းတို့ တစ်ဖက်စောင်းနင်းလုပ်...

တကာက ဒေါ်စုကြည်အား ပိုမို...

ဒေါ်စုကြည်အား ၁၉၉၁ခုနှစ်အ...

ပေးအပ်ကာ တံဆိပ်ကပ်ပေးခဲ့သ...

အုပ်စုက ဆုပေါင်း ၈၀ ကျော်ပေ...

နိုဘယ်လ်ဆု ရွေးချယ်သ...

ဒေါ်စုကြည်သည် ဥပဒေချိုးဖောက်...

ဖန်တီးမှု၊ ထိပ်တိုက်ရင်ဆိုင်မှုလုပ်...

မငြိမ်ဖြစ်အောင် နယ်စုံဆင်းကာ ...

လုပ်လာသဖြင့် ၂၀-၇-၁၉၈၉ ရက်...

ပင် တားဆီးမိန့် ထုတ်ထားခဲ့ရသ...

နိုဘယ်လ်ပညာရပ်ဆုများ ရွေးချယ်ရာ၌ ရွေးချယ်ရသည့် အကြောင်းရင်းများကို ဖော်ပြသော်လည်း ငြိမ်းချမ်းရေး နိုဘယ်လ်ဆု ရွေးချယ်သောအကြောင်းရင်းကို ဖော်ပြရန်မလိုဟုဆို။

ကိုလိုနီလက်သစ်ဝါဒီများ၊ အနောက်အင်အားကြီး နိုင်ငံများမှ ထောက်လှမ်းရေး အဖွဲ့များသည် နိုဘယ်လ်စာပေဆုနှင့် နိုဘယ်လ်ငြိမ်းချမ်းရေးဆု ရွေးချယ်မှုများ၌ အရိပ်ထိုးလာကြ။

က်နေရသည့် နိုဘယ်လ်ဆု

အဲလ်ဖရက်နိုဘယ်လ်၏ ဘဝပေးအသီဖြင့် ရင်းနှီးမြှုပ်နှံခဲ့သော နိုဘယ်လ်ဆုများ၏ မူလရည်ရွယ်ချက်သည် အပြုသဘော ဆောင်ခဲ့လေသည်။ ဤနိုဘယ်လ်ဆုကို နယ်ချဲ့လက်သစ်တို့က အသုံးချလာနိုင်သော ယနေ့ကာလတွင် နိုဘယ်လ်ဆုများ၏ သရုပ်ပျက်နေလေသမျှကို သွားလေသူ အဲလ်ဖရက်နိုဘယ်လ်သာ မြင်ရပါလျှင် ရင်ကျိုးရှာပေလိမ့်မည်။ CIA အခိုင်းခံများကို နိုဘယ်လ်ဆုဖြင့် ဗန်းတင်ပေးပြီး ငွေကြေး(ဆုငွေ)အားဖြင့် ထောက်ပံ့အသုံးချနေသည်မှာ ထင်ရှားလွန်းလှ။

မောင်ဖိုးမှတ်

အင်ဂျင်နီယာလက်ဝါလက်ဆာအား အသုံးချရန် သဘောတူညီခဲ့သည်။ ၁၉၈၃ခုနှစ်တွင် ပိုလန်အစိုးရ ဖြုတ်ချပွဲကို ဦးဆောင်ခဲ့သော လက်ဝါလက်ဆာသည် ငြိမ်းချမ်းရေးနိုဘယ်လ်ဆု ရသွားခဲ့သည်။ **(အမေရိကန်တိုင်းမ်မဂ္ဂဇင်း ဖော်ပြချက်မှ)**

တိဗက်ကို တရုတ်ပြည်မှ ခွဲထုတ်အပိုင်စီးရန် အမေရိကန်နှင့် ဗြိတိန်တို့က အားထုတ်ခဲ့သည်။ တိဗက်မှ ဒလိုင်လားမားကို ပြည်ပသို့ ခေါ်ထုတ်ကာ တိဗက်လွတ်လပ်ရေး(ပြည်ပြေး) ခေါင်းဆောင်အဖြစ် ဗန်းတင်ပေးရန် ၁၉၈၉ခုနှစ်တွင် ငြိမ်းချမ်းရေးနိုဘယ်လ်ဆု ရရှိစေခဲ့သည်။ ၁၉၈၉ခုနှစ် မေလနှင့် ဇွန်လအတွင်း ပေကျင်းမြို့တော် တိုင်အန်မင်းရင်ပြင်ဆူပူမှုနှင့် တိုက်ဆိုင်ပြီး ဒလိုင်လားမားကို နိုဘယ်လ် ငြိမ်းချမ်းရေးဆု ပေးခြင်းဖြစ်သည်။ (အကယ်၍ ၁၉၈၉ခုနှစ် ဆူပူမှုဖြင့် တရုတ်အစိုးရကို ဖြုတ်ချနိုင်လျှင် ဒလိုင်လားမားအား ဒီမိုကရေစီ ခေါင်းဆောင်အဖြစ် ထိုးသွင်းကာ ဖြတ်လမ်းမှ အာဏာယူခိုင်းရန် ကြံစည်ခဲ့ခြင်းဖြစ်သည်။)

၁၉၇၃ခုနှစ်တွင် ကျူးကျော်သူအမေရိကန်တို့ ဗီယက်နမ်တွင် စစ်ရေးရှုံးနိမ့်နေပြီဖြစ်သည်။ မကြာမီ ဆုတ်ခွာထွက်ပြေးရတော့မည် ဖြစ်သည်။ ဤအခြေအနေတွင် ဗီယက်နမ်စစ်ပွဲ ဗိသုကာဟုဆိုရမည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟင်နရီကစ်ဆင်ဂျာနှင့် မြောက်ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီး လီဒတ်သိုတို့အား နိုဘယ်လ် ငြိမ်းချမ်းရေးဆု ပူးတွဲပေးအပ်ခဲ့သည်။ သို့ရာတွင် လီဒတ်သိုက ကစ်ဆင်ဂျာကဲ့သို့ ကျူးကျော်သူ(နယ်ချဲ့သမား)နှင့် နိုဘယ်လ်ဆု အတူမယူနိုင်ဟုဆိုကာ ငြင်းပယ်ခဲ့သည်။

ဆိုဗီယက်ပြည်ထောင်စုအတွင်းမှ ဘောလ်တစ်နိုင်ငံများဖြစ်သော လစ်သူယေးနီးယား၊ လတ်ဗီးယားနှင့် အက်စတိုနီးယားနိုင်ငံတို့သည်(အမေရိကန်၏ ပယောဂဖြင့်) ခွဲထွက် ပုန်ကန်ခဲ့ကြသည်။ ဆိုဗီယက်ပြည်သူ ၇၆ ရာခိုင်နှုန်းက ပြည်ထောင်စုပြိုကွဲမခံနိုင်ဟု ဆန္ဒပြုထားသဖြင့် ဆိုဗီယက်သမ္မတ မိခေးလ် ဂေါ်ဘာချော့ဗ်က ပြည်ထဲရေးတပ်များစေလွှတ်ကာ ယင်းခွဲထွက်သုံးနိုင်ငံမှ ခွဲထွက်မှုကို နှိမ်နင်း တားဆီးခဲ့သည်။ အမေရိကန်က ယင်းသုံးနိုင်ငံ ခွဲထွက်မှုကို ခွင့်ပြုရန် ဂေါ်ဘာချော့ဗ်အား တိုက်တွန်းခဲ့သည်။ ဂေါ်ဘာချော့ဗ်ကလည်း လူထုဆန္ဒအရ ခွဲထွက်မခံနိုင်ဟု တင်းခံခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင်မူ ဂေါ်ဘာချော့ဗ်အား ငြိမ်းချမ်းရေး နိုဘယ်လ်ဆု ပေးအပ်လိုက်သည်။ ဂေါ်ဘာချော့ဗ်လည်း (နိုဘယ်လ်ဆု မျက်နှာထောက်ပြီး) ထိုသုံးနိုင်ငံခွဲထွက်မှုကို အသိအမှတ်ပြုလိုက်ရသည်။ ဤသို့ဖြင့် ၁၉၉၁ခုနှစ်ကုန်တွင် ဆိုဗီယက်ပြည်ထောင်စု ၁၅ စိတ်ကွဲကာ ပြိုလဲသွားခဲ့သည်။

၁၉၉၀ ပြည့်နှစ် မြန်မာနိုင်ငံတွင်ကျင်းပသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံတော်အစိုးရက လွတ်လပ်၍မျှတစေရန် မည်သည့်စွက်ဖက်မှုမျှ မလုပ်ခဲ့ချေ။ အနောက်သံတမန်များ၊ တောတွင်း လက်နက်ကိုင်သောင်းကျန်းသူများ၊ အနောက်မီဒီယာများ၏ ပယောဂမျိုးစုံဖြင့် တစ်ပါတီတည်းက နေရာများစွာ အနိုင်ရခဲ့သည်။ ယင်းရွေးချယ်ခံ ကိုယ်စားလှယ်များသည် မြန်မာနိုင်ငံတွင် လုံးဝမရှိဘဲဖြစ်နေသော ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ရေးဆွဲကြရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲပြီးသည့်ကာလတို့၌ အစိုးရက အသိပေးကြေညာခဲ့သည်။ အနိုင်ရသော NLD ပါတီက (အနောက်အုပ်စု၏ ဘေးတီး သွေးထိုးချက်အရ) လွှတ်တော်ခေါ်ပြီး အာဏာလွှဲပေးရန်သာ ဆင်ခြင်တုံတရားကင်းမဲ့စွာ တောင်းဆိုနေခဲ့သည်။ NLD အထွေထွေအတွင်းရေးမှူး ဒေါ်စုကြည်သည် ၎င်း၏ဖခင် ဗိုလ်ချုပ်အောင်ဆန်း ချမှတ်ထားခဲ့သော ရွေးကောက်ပွဲ အခြေခံမူများနှင့် ငြိစွန်းသဖြင့် ရွေးကောက်ပွဲဝင်ခွင့် မရရှိခဲ့ချေ။ အနောက်အုပ်စုက NLD ၏လက်ထဲ အာဏာရောက်ရေးအတွက် ဒေါ်စုကြည်အား အာဏာဖီဆန်မှု၊ ဥပဒေဆန့်ကျင်မှု၊ နိုင်ငံတော်နှင့် ထိပ်တိုက်ရင်ဆိုင်မှုများ ပြုလုပ်စေခဲ့သည်။ ယင်းသို့ ၎င်းတို့ တစ်ဖက်စောင်းနင်းလုပ်မှုကို ဖုံးကွယ်ပယ်ဖျက်ရန် နိုင်ငံတကာက ဒေါ်စုကြည်အား ပိုမိုသိရှိပြီး ထိရောက်စေရန်အတွက် ဒေါ်စုကြည်အား ၁၉၉၁ခုနှစ်အတွက် ငြိမ်းချမ်းရေးနိုဘယ်လ်ဆု ပေးအပ်ကာ တံဆိပ်ကပ်ပေးခဲ့သည်။ (ဆက်၍လည်း အနောက်အုပ်စုက ဆုပေါင်း ၈၀ ကျော်ပေးခဲ့သည်။)

နိုဘယ်လ်ဆု ရွေးချယ်သည့် ၁၉၉၁ခုနှစ် မတိုင်မီကပင် ဒေါ်စုကြည်သည် ဥပဒေချိုးဖောက်မှု၊ အာဏာဖီဆန်မှု၊ ဆူပူအုံကြွရန် ဖန်တီးမှု၊ ထိပ်တိုက်ရင်ဆိုင်မှုလုပ်ရပ်များဖြင့် မြန်မာနိုင်ငံ မတည်မငြိမ်ဖြစ်အောင် နယ်စုံဆင်းကာ ပြဿနာရှာပြီး တိုင်းဆူပြည်ဖျက်လုပ်လာသဖြင့် ၂၀-၇-၁၉၈၉ ရက်နေ့ကတည်းက ၎င်း၏နေအိမ်မှာပင် တားဆီးမိန့် ထုတ်ထားခဲ့ရသည်။ ၎င်းအား တားဆီးမိန့်ထုတ်ထားစဉ် ကာလတစ်ဝိုက်၌ တိုင်းပြည်တည်ငြိမ် အေးချမ်းခဲ့သည်။ နိုင်ငံရေးအရ တိုးတက်ဖြစ်ထွန်းမှုများ ရှိလာသည်။ NLDနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအပါအဝင် အားလုံးနှင့်ညှိနှိုင်းဆွေးနွေးပြီး ၁၉၉၃ခုနှစ်၌ အမျိုးသားညီလာခံကို စတင်ကျင်းပနိုင်ခဲ့သည်။ အမျိုးသားညီလာခံကျင်းပမှု အရှိန်အဟုန်ကောင်း ရရှိလာသဖြင့် ၁၉၉၅ခုနှစ်တွင် ဒေါ်စုကြည်အပေါ် ချမှတ်ထားသည့် တားဆီးမိန့် ပြန်လည်ရုပ်သိမ်းပေးခဲ့သည်။ မရေးမနှောင်းမှာပင် အမေရိကန်အစိုးရကိုယ်စားလှယ် မယ်ဒလင်းအောဘရိုက် ရန်ကုန်သို့ရောက်လာပြီး ဒေါ်စုကြည်နှင့် နှစ်ကိုယ်ကြား တွေ့ဆုံဆွေးနွေးသွားသည်။ မကြာမီမှာပင် ဒေါ်စုကြည်သည် အမျိုးသားညီလာခံ ပျက်စီးရာပျက်စီးကြောင်း၊ နိုင်ငံတော်၌ ရရှိထားသည့် ငြိမ်းချမ်းရေးပျက်ရာပျက်ကြောင်း လှုံ့ဆော်ဖန်တီးလာပြန်သဖြင့် တားဆီးမိန့် ထပ်မံထုတ်ခဲ့ရခြင်းဖြစ်သည်။ ဒေါ်စုကြည်အား ပေးခဲ့သော ငြိမ်းချမ်းရေးနိုဘယ်လ်ဆုသည် မြန်မာနိုင်ငံ၌ ဆူပူအုံကြွမှု ပြုလုပ်မှုအတွက် ချီးမြှင့်သည့် သရဖူသဖွယ် ဖြစ်နေပေသည်။

အရှေ့အလယ်ပိုင်းတွင် ပါလက်စတိုင်းနှင့် အစ္စရေးတို့ ပဋိပက္ခမှာ ဒေသတွင်းသာမက ကမ္ဘာ့အတွက်ပါ အန္တရာယ်ကြီးမားလာသည်။ ထို့ကြောင့် အစ္စရေးတို့သိမ်းပိုက်ထားသည့် ပါလက်စတိုင်းဒေသ (ဂျော်ဒန်မြစ်အနောက်ဘက်ကမ်းနှင့် ဂါဇာကမ်းမြောင်ဒေသ)တွင် ပါလက်စတိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးရန် အစ္စရေးတွင် အာဏာရနေသည့် လေဘာပါတီအစိုးရက သဘောတူခဲ့ရသည်။ ယင်းကိစ္စတွင် အစ္စရေးကို အဖတ်ဆယ်ရန် ၁၉၉၄ခုနှစ် ငြိမ်းချမ်းရေး နိုဘယ်လ်ဆုကို ပါလက်စတိုင်းခေါင်းဆောင် ယာဆာအာရာဖတ်၊ အစ္စရေးဝန်ကြီးချုပ် ယစ်ဇတ်ရာဘင်နှင့် နိုင်ငံခြားရေးဝန်ကြီး ရှီမွန်ပီရက်စ်တို့အား ပူးတွဲပေးအပ်ခဲ့ပြန်သည်။

တောင်အာဖရိကနိုင်ငံတွင် လူမည်းလူများစုအား လူဖြူလူနည်းစုက စိုးမိုးကာ ညှဉ်းပန်းဖိနှိပ် အသားအရောင်ခွဲခြား နှိပ်ကွပ်သဖြင့် ကမ္ဘာနှင့် ကုလသမဂ္ဂက မကျေမနပ်ဖြစ်လာသောအခါ လူမည်းခေါင်းဆောင် နယ်လ်ဆင်မင်ဒဲလားနှင့် လူဖြူခေါင်းဆောင် ဖရက်ဒရစ်ဒီကလပ်တို့အား ၁၉၉၃ခုနှစ်တွင် ငြိမ်းချမ်းရေးနိုဘယ်လ်ဆု ပူးတွဲပေးအပ်ပြီး လူဖြူအစိုးရကို အဖတ်ဆယ်ပေးခဲ့သည်။ သို့ရာတွင် မကြာမီမှာပင် လူဖြူအစိုးရသည် လူထုမဲဆန္ဒဖြင့် ပြုတ်ကျသွားခဲ့သည်။ တောင်အာဖရိကမှ အမေရိကန်ကြိုက် လူမည်းဘုန်းကြီး ဒက်စမွန်တူးတူးကို ၁၉၈၄ ခုနှစ်ကတည်းက နိုဘယ်လ်ဆုပေးပြီး နှစ်သိမ့်ထားခဲ့သည်။ တစ်နည်းအားဖြင့် သိမ်းသွင်းထားခဲ့သည်။

နိုဘယ်လ်ဆု၏ သရုပ်မမှန်မှုများကား ပြောမဆုံးပေါင်တောသုံးတောင်ဆိုသလို များလှချေသည်။ နိုဘယ်လ်ဆုကို အနောက်အုပ်စုက စစ်အေးတိုက်ပွဲတွင် ဆိုဗီယက်နှင့် ဆိုရှယ်လစ်နိုင်ငံများအား ဆန့်ကျင်ဖြိုချရေး၌ အသုံးချခဲ့သည်။ စစ်အေးလွန်ကာလဟုဆိုသော ယနေ့ကာလ၌လည်း ဆိုရှယ်လစ်လက်ကျန်နိုင်ငံများ ဖြိုချရေး၊ အမေရိကန်ကိုဆန့်ကျင်သော၊ အမေရိကန်၏ဗိုလ်ကျစိုးမိုးမှုနှင့် ဩဇာလွှမ်းမိုးမှုကိုမခံသော အမျိုးသားရေးအလေးထားသည့် နိုင်ငံများကို ဖြိုချရေးတို့၌ နိုဘယ်လ်ဆုကိုပင် အသုံးချနေဆဲဖြစ်သည်။

၁၉၉၃ခုနှစ်မှစ၍ မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပေါ်ထွန်းရေးအတွက် အမျိုးသားညီလာခံ ကျင်းပခဲ့သည်။ ညီလာခံတွင် ပြည်ထောင်စုတစ်ဝန်းမှ တိုင်းရင်းသားစုံ၊ လူထုလူတန်းစားအလွှာစုံ၊ တရားဝင်ရပ်တည်နေသော ပါတီစုံ (NLDနှင့် SNLD အပါအဝင်) တို့မှ အပါအဝင် ကိုယ်စားလှယ်များ တက်ရောက်ကာ အခြေခံဥပဒေရေးဆွဲရာ၌ ပါဝင်ရမည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများ ညှိနှိုင်း ချမှတ်ခဲ့ကြသည်။ ဤသို့ညီလာခံကြီး အရှိန်ကောင်းရနေချိန်တွင် ညီလာခံကို ထိပါးနှောင့်ယှက်ရန်နှင့် ဥပဒေချိုးဖောက်ကာ နိုင်ငံတော်အား ဆန့်ကျင်ပုန်ကန်နေသော သောင်းကျန်းသူများ၊ပြည်ပြေးများကို အားပေးအားမြှောက်ပြုရန်အတွက် နိုဘယ်လ်ဆုရှင်ခုနစ်ဦး ပူးပေါင်းအဖွဲ့သည် တစ်ဖက်နိုင်ငံနှင့် နယ်စပ်ဒေသရှိ သောင်းကျန်းသူများ၊ ပြည်ပြေးများထံ ရောက်လာခဲ့ကြသည်။

ယင်းသို့ အနောက်၏စေရာသွား၊ ခိုင်းရာလုပ်ပြီး နိုဘယ်လ်ဆုကျေးဇူးဆပ်နေရသော ပူးပေါင်းအဖွဲ့ ခုနစ်ဦးသည် တစ်ဖက်နိုင်ငံသို့ ကနေဒါနိုင်ငံ မွန်ထရီယယ်မြို့အခြေစိုက် နိုင်ငံတကာ လူ့အခွင့်အရေးနှင့်ဒီမိုကရေစီဖွံ့ဖြိုးရေးအစီအစဉ် အမေရိကန် CIAအထောက်အပံ့ဖြင့် ရောက်လာခြင်းဖြစ်သည်။ ယင်းတို့ထဲတွင် တောင်အာဖရိကမှ လူမည်းဘုန်းတော်ကြီး ဒက်စမွန်တူးတူးလည်း ပါလာသည်။

ဒက်စမွန်တူးတူးသည် လူဖြူများ၊ နယ်ချဲ့နိုင်ငံများ၏ နှိပ်စက်မှု ခံနေရသော အာဖရိကလူမည်းများအတွက် ကြိုးပမ်းဆောင်ရွက်ခြင်းမပြုဘဲ CIA ခိုင်းသမျှ နိုင်ငံတကာပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရာ၌ ပွဲတိုင်းကျော် ပဲခူးဆား နိုဘယ်လ်ဆုရှင်ဖြစ်လေသည်။ ဒေါ်စုကြည်ကို နိုဘယ်လ်ဆုပေးရန် အဆိုပြုပေးသည့် ဆိုရှယ်လစ်ခေတ်လွန် ချက်နိုင်ငံ၌ သမ္မတဖြစ်ခဲ့ဖူးသူ ပြဇာတ်ရေးဆရာ ဗားကလပ်ဟာဗဲလ်နှင့် တွဲပြီး မြန်မာနိုင်ငံအရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူဆောင်ရွက်ရန် စာတမ်းပြုစု ထုတ်လွှင့်ခဲ့ရာတွင်လည်း ဒက်စမွန်တူးတူး ပါဝင်ခဲ့သည်။

တူးတူးနှင့် နိုဘယ်လ်ဆုရသူများသည် မြန်မာနယ်စပ် တစ်လျှောက်ရှိ ဘိန်းဓားပြရွက်ဆစ်၏ SURA (ယခု SSA-S) အပါအဝင် မိုင်းထောင်၊ လူသတ်၊ ရွာမီးရှို့၊ ဗုံးခွဲစသည့် အကြမ်းဖက်သမား သောင်းကျန်းသူများကို အားပေးနှစ်သိမ့်သွားကြသည်။ ကောင်းချီးဩဘာ ပေးသွားခဲ့ကြသည်။

ဤမျှဆိုလျှင် ဆယ်စုနှစ်ပေါင်း နှစ်ခုအတွင်း ငြိမ်းချမ်းရေး နိုဘယ်လ်ဆုကို နော်ဝေပါလီမန်ခန့် ငါးဦးကော်မတီက ရွေးသည်ထက် အနောက်ကိုလိုနီလက်သစ်ဝါဒီတို့က (အထူးသဖြင့် စီအိုင်အေက) ရွေးချယ်နေကြောင်း သိသာထင်ရှားနေပေသည်။ နော်ဝေနိုင်ငံသည် DVB ခေါ် ဒီမိုကရက်တစ်မြန်မာ့အသံ (မြန်မာပြည်ပြေးများ၏) အသံလွှင့်ဌာနကို အော့စလိုမြို့တွင် လက်ခံထားသော နိုင်ငံ၊ ပြည်ပြေးများ ခြေချင်းလိမ်နေသော နိုင်ငံဖြစ်ပေသည်။

DVB ပြည်ပြေး အသံလွှင့်လုပ်ငန်း၏ကုန်ကျစရိတ်ကို RFA ခေါ် ရေဒီယိုဖရီးအေရှ(လွတ်လပ်သော အာရှရေဒီယို ဝါရှင်တန်အခြေစိုက်)နှင့်အတူ အမေရိကန် CIA က ကွန်ဂရက်လွှတ်တော်၏ ခွင့်ပြုချက်ဖြင့် ထောက်ပံ့ထားခြင်းဖြစ်သည်။

အဲလ်ဖရက်နိုဘယ်လ်၏ ဘဝပေးအသိဖြင့် ရင်းနှီးမြှုပ်နှံခဲ့သော နိုဘယ်လ်ဆုများ၏ မူလရည်ရွယ်ချက်သည် အပြုသဘော ဆောင်ခဲ့လေသည်။ ဤနိုဘယ်လ်ဆုကို နယ်ချဲ့လက်သစ်တို့က အသုံးချလာနိုင်သော ယနေ့ကာလတွင် နိုဘယ်လ်ဆုများ၏ သရုပ်ပျက်နေလေသမျှကို သွားလေသူ အဲလ်ဖရက်နိုဘယ်လ်သာ မြင်ရပါလျှင် ရင်ကျိုးရှာပေလိမ့်မည်။ CIA အခိုင်းခံများကို နိုဘယ်လ်ဆုဖြင့် ဗန်းတင်ပေးပြီး ငွေကြေး(ဆုငွေ)အားဖြင့် ထောက်ပံ့အသုံးချနေသည်မှာ ထင်ရှားလွန်းလှသည်။

၁၉၉၅ခုနှစ်က မယ်ဒလင်းအောဘရိုက် (ထိုစဉ်က ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး၊ နောင်အမေရိကန်သမ္မတ ကလင်တန်လက်ထက် နိုင်ငံခြားရေးဝန်ကြီး၊ ယခုကုလသမဂ္ဂဒုက္ခသည်များ မဟာမင်းကြီး) နှင့် ဒေါ်စုကြည်တို့၏ အမျိုးသားညီလာခံဖျက်ဆီးရေး လုပ်ရပ်များသည်လည်းကောင်း၊ နယ်ချဲ့အုပ်စုနှင့် နယ်ချဲ့လက်ကိုင်တုတ် နိုဘယ်လ်ဆုရှင်တစ်စု၏ အမျိုးသားညီလာခံဖျက်ဆီးရေး လုပ်ရပ်ဟူသမျှတို့သည်လည်းကောင်း သဲထဲရေသွန်ဖြစ်နေပေသည်။ အမျိုးသားညီလာခံသည် အောင်မြင်နေပြီဖြစ်သည်။ နိုင်ငံငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်နေသူတို့က အောင်ပွဲခံနေကြပြီသာဖြစ်သည်။

ထိုအချိန်ကာလတွင် နိုဘယ်လ်ဆုရှင်ဆိုသူများက ၎င်းတို့ဆရာကြီး၏ ဆိုင်းချက်နှင့်အညီ တစ်စခန်းထလာပြန်သည်။ ယခုနှစ် ဇန်နဝါရီလ ၅ရက်နေ့တွင် အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့၌ မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားသူများ၏ ဆန္ဒပြပွဲပြုလုပ်ခဲ့သည်ဟု BBC က ထုတ်လွှင့်သွားသည်။ ၎င်းဆန္ဒပြသူများထဲတွင် မတရားအသင်းနှင့် အကြမ်းဖက်အဖွဲ့ဟု နိုင်ငံတော်က တရားဝင်ကြေညာထားခြင်းခံရသော NCGUB မှ ပြည်ပြေးစိန်ဝင်းအပါအဝင် လူ ၇၀ ခန့်ပါဝင်သည်ဟု သိရသည်။ ၎င်းလူ ၇၀ ထဲတွင် ၁၉၉၇ခုနှစ် နိုဘယ်လ်ဆုရှင် အမေရိကန်နိုင်ငံသူ ဂျိုဒီဝီလီယံနှင့် ၂၀၀၃ခုနှစ် နိုဘယ်လ်ဆုရှင် အီရန်နိုင်ငံသူ ဒေါက်တာရှီရင်မ်အက်ပါတီတို့လည်း ပါဝင်သည်ဟုဆိုသည်။

တစ်ဆက်တည်းမှာပင် ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင် ၁၂ဦးတို့က မြန်မာနိုင်ငံကို လာရောက်ပြီး ဒေါ်စုကြည်နှင့်တွေ့ရန် ပြည်ဝင်ခွင့်ဗီဇာ လျှောက်ကြမည်ဟူ၍လည်း ပြည်ပမီဒီယာများက ဘေးတီးပေးနေကြသည်။

မြန်မာတို့၏ဆိုရိုးစကားတွင် “နွားပြာကြီးအကြောင်းသိရင် သားရေကိုတောင် ဖင်ခုထိုင်ချင်မှာမဟုတ်ဘူး” ဟုဆိုလေ့ရှိသည်။ ယခုအခါ နိုဘယ်လ်ဆု၏ သရုပ်ပျက်မှုကို နိုင်ငံတကာပြည်သူတို့နှင့်အတူ မြန်မာပြည်သူတို့ကလည်း သိနေကြပြီဖြစ်သည်။ နိုဘယ်လ်ဆုသည် နယ်ချဲ့လက်သစ်၏ အသုံးတော်ခံဘဝရောက်နေရသည်ဖြစ်ရာ နိုဘယ်လ်ဆုရှင်များ၏ လှုပ်ရှားမှုသည် ရုပ်သေးရုပ် လှုပ်ရှားမှုသာဖြစ်၍ မည်သို့မျှ အသက်မဝင် အရာမထင်နိုင်တော့ပြီ။ ။

မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကြီးမှူး ခြင်း၊ အမှိုက်၊ ဆေးလိပ်ကင်းစင်ကျောင်းများသတ်မှတ်

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် ကလေးများအတွက် ကျန်းမာသောပတ်ဝန်းကျင်နှင့် ခြင်၊ အမှိုက်၊ ဆေးလိပ်ကင်းစင်သော ကျောင်းများ သတ်မှတ်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၇နာရီခွဲက မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ၊ တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာ လှမြင့်နှင့် ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြား

ရေးမှူး ဦးကျော်ဝင်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက ခြင်၊ အမှိုက်၊ ဆေးလိပ်ကင်းစင် ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူးနှင့် ဇနီးတို့သည် ကျောင်းစာသင်ခန်းများ၌ သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုနှင့် ကလေးများအား အာဟာရကျွေးမွေးနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးကြကာ အဘိုးအဘွားများအား ထောက်ပံ့ပစ္စည်းများနှင့် ကလေးငယ်များအား အစားအစာများကို ပေးအပ်ကြပြီး ကျောင်းကျန်းမာရေးပညာပေးပြခန်းကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ အခမ်းအနားကို အဆိုပါကျောင်းရှိ မြတ်မင်္ဂလာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ကလေးများအတွက် ကျန်းမာသော ပတ်ဝန်းကျင်ဖြစ်စေရေး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအတွက် ဦးမြင့်နိုင် (ငပလီဆောက်လုပ်ရေး)၊ ဦးအောင်မြင့် (ရတနာမြိုင်ဆောက်လုပ်ရေး)နှင့် ဦးသက်လွင်ရွှေ-ဒေါ်ဇင်မင်းအေးတို့က ငွေကျပ်သုံးသိန်းစီ၊ ဦးအောင်ထွေး(ကိုင်ရိုဆောက်လုပ်ရေး)က ငွေကျပ် တစ်သိန်း အပါအဝင် စုစုပေါင်း အလှူငွေကျပ် ဆယ်သိန်းကို ပေးအပ်လှူဒါန်းကြရာ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက လက်ခံသည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲများအတွက် သန့်ရှင်းရေး လုပ်ငန်းသုံးပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်ပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်နန်းထွေးခိုင်ထံမှ ရာသက်ပန် အသင်းဝင် အဆိုပြုလွှာများကို လက်ခံသည်။

ယင်းနောက် တိုင်းကျန်းမာရေး ဦးစီးဌာနမှူးက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲများ အတွက် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး ပညာပေး နံရံကပ်ပိုစတာများကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ရှင်းလင်းတင်ပြ

ထို့နောက်မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌက အသင်း၏ ကျန်းမာရေး လုပ်ငန်း ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့သဃ်န်းကျွန်း အမက (၄၁) ကျောင်းဝင်းနေ ဦးသက်နိုင်-ဒေါ်မိုး မိသားစုက ဒဂုံမြို့နယ်အမှတ် ၁၂ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက ကျောင်းတော် ဆွမ်းပဒေသာပင် အတွက် အလှူငွေ ကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) ဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပေးအပ်လှူဒါန်း

ပဲခူးတိုင်း ပြွန်တန်ဆာမြို့နယ် မင်းလမ်း ဈေးရှေ့နေ ဒေါ်ရီ(ခ)ဒေါ်ခင်ရီ၏ မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင် အတွက် အမေရိကန်ဒေါ်လာ ၁၀၀ကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွဋ်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

စာပေဟောပြောပွဲ လှိုင်သာယာတွင် ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၁

လှိုင်သာယာမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၆၈ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၆ ရက် မွန်းလွဲ ၁ နာရီက အထက(၁) အားကစားခန်းမ၌ ကျင်းပသည်။

သဝဏ်လွှာဖတ်ကြား

စာပေဟောပြောပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ စာရေးဆရာမြတ်ဝေတိုး(ပညာရေးတက္ကသိုလ်)က စာဆိုတော်နေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

ဟောပြော

ထို့နောက် စာရေးဆရာများဖြစ်ကြသည့် ညွန့်ဟံ(ကြူတော)၊ မင်းခိုက်စိုးစံနှင့် မစန္ဒာတို့က စာပေရေးရာများ ဟောပြောကြသည်။

(မြို့နယ်စာပေနှင့်စာနယ်ဇင်း)

ပန်းပျိုးသူတို့ အလင်္ကာ ရုံသုံးရုံအပြိုင်ဝင် ပြဒါးမဲ့မှန် ရှေ့ဆောင်ရုံ၌ ဆက်လက်ပြသ

ရုပ်ရှင် သတင်းထောက်

ရန်ကုန် ဇန်နဝါရီ ၁၁

မောင်ယဉ်အောင်၏ ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ ဟိန်းစိုး ရိုက်ကူးသည့် **ပန်းပျိုးသူတို့အလင်္ကာ** ဇာတ်ကား သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ယနေ့အပြိုင်ရုံဝင်လာသည်။

ပန်းပျိုးသူတို့အလင်္ကာ

အင်းလေးဝန်းကျင်မှ ပန်းကလေးများကို ထာဝရလန်းဆန်းစေလိုသူမှာ ကျောင်းဆရာ ဆရာချစ်ဖြစ်သည်။ ဆရာချစ်သည် ပညာရေးတွင်သာ ဥယျာဉ်မှူးဖြစ်သည်သာမက ရပ်ရေး၊ ရွာရေး၊ လူမှုရေးတွင်ပါ သူမပါမပြီးသူ။ ကျောင်းဆရာ ဂုဏ်သိက္ခာကို လေးစားတန်ဖိုးထားသော မမိုးသန့်ဆိုသော မိန်းကလေးနှင့် မမိုးသန့်ကို အသည်းနစ်အောင်ချစ်ရသူ စူးနစ်တို့၏ သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်းကို လွမ်းမောဖွယ် ရိုက်ကူးထားသော မေတ္တာဘွဲ့ဇာတ်ကား ဖြစ်သည်။

ဒါရိုက်တာ မောင်မောင်ဦး (စန္ဒီးဝိုက်)ရိုက်ကူးသည့် **ပြဒါးမဲ့မှန်** ဇာတ်ကားမှာ ရှေ့ဆောင်ရုံတွင် ဆက်လက်အောင်ပွဲခံလျက်ရှိသည်။

နိုင်ငံခြားဇာတ်ကားများ

နေပြည်တော်ရုံတွင် Miami Vice ဇာတ်ကားဆက်လက်ပြသနေပြီး ရွှေဂုန်ရုံ အပေါ်ထပ်တွင် ရော်ဂျာမိုးပါဝင် သရုပ်ဆောင်ထားသော Octopussy ဂျိမ်း(စ်)ဘွန်းဇာတ်ကား တစ်ကျော့ပြန် ရုံဝင်လာသည်။ ရွှေဂုန်ရုံ မြေညီထပ်၌ အက်ရှင်မင်းသား အက်ရှေးကူးမား၏ နှစ်ကိုယ်ခွဲ သရုပ်ဆောင်ထားပြီး မင်းသမီးချော မဟီးမားချောင်ဒူရီတို့ပါဝင်ထားသော Khiladi 420 အိန္ဒိယဇာတ်ကား ရုံဝင်လာသည်။

ကာလီမယ်၏ သမီးတော်နှင့် လောကမုဆိုးအမည်ရ Devi Aur Durgaa အိန္ဒိယဇာတ်ကား တန်းမြင့်မြို့မရုံတွင် တစ်ကျော့ပြန် ရုံဝင်လာသည်။ မျောက်လိမ္မာ၊ ခွေးလိမ္မာနှင့် နွားဆိုးကြီးတို့ပါဝင်သဖြင့်ကလေးပရိသတ်အကြိုက်တွေ့မည့် ဇာတ်ကားဖြစ်သည်။

ပန်းပျိုးသူတို့ အလင်္ကာ ဇာတ်ကားမှ နေတိုးနှင့် နဝရတ်။

ဒါရိုက်တာ ချိုတူးဇော်ရိုက်ကူးပြီး လွင်မိုး၊ မင်းထက်ကျော်ဇင်၊ ဆုရွှန်းလဲ့၊ နှင်းဝတ်ရည်သောင်း၊ ဝိုင်းစုခိုင်သိန်း၊ ထွန်းထွန်းဝင်း၊ နွဲ့နွဲ့နှင့် အင်ကြင်းခိုင်တို့ ပါဝင်ထားသော **သံသရာစက်ဝန်း တစ်နေရာရာ** ဇာတ်ကား စံပြ၊ ရွှေမန်း၊ သီတာ၊ မြရတနာရုံများ၌ ပြသလျက်ရှိသည်။

ဘုရင့်ရုံတွင် Hum Tumhare Hain Sanam အိန္ဒိယအချစ် ဇာတ်ကား ရုံဝင်လာသည်။ ဆုထူးပန်ရုံတွင် Hum Dil De Chuke Sanam ဇာတ်ကား တင်ဆက်ထားသည်။

ဒါရိုက်တာမောင်ဝဏ္ဏ၏ **လွမ်းအောင်ရယ်တတ်သူ** ဇာတ်ကား ရွှေဗဟို၊ ဘုရင့်နောင်၊ ဧရာဝတီနှင့် ဝဇီရာ(၁) ရုံများတွင် ရုံဝင်လာသည်။

ဒါရိုက်တာခင်စောမျိုး ရိုက်ကူးပြီး ပင်လယ်ပြင် စွန့်စားခန်းများနှင့် အတူ ကတိသစ္စာ တရားတို့ဖြင့် ဇာတ်အိမ်ဖွဲ့ထားသည့် **ဘမျိုးဘိုးတူ ဘယ်သန်ဘမှန်** ဇာတ်ကား နဝဒေးရုံတွင် ပြသလျက်ရှိသည်။

၎င်းဇာတ်ကားတွင် ညွန့်ဝင်း၊ ကျော်သူ၊ ရဲအောင်၊ မင်းဦး၊ မင်းရာဇာ၊ မေကဗျာ၊ ပြည့်ဖူးခိုင်နှင့် အိဖြိုးချယ်ရီတို့ ခေါင်းဆောင်ပါဝင်ထားသည်။ ။ **(မြန်မာ့အလင်း)**

ဆုချီးမြှင့်

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၂၄) အခြေခံပညာမူလတန်းကျောင်း မိဘဆရာ ကျောင်းသားစုံညီပွဲတော် ထူးချွန်ဆုပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ၆ ရက်က အဆိုပါကျောင်း၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စုက ငါးနှစ်ဆက်တိုက် ပညာရည်ချွန်ဆုရ မဆုလဲ့နန္ဒာအား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (၃၈၀)

သံသရာစက်ဝန်း တစ်နေရာရာမှ ဇာတ်ဝင်ခန်းတစ်ခန်း။

ကမ္ဘာတစ်လွှား အားကစား

ကားလင်းဖလားအကြိုဗိုလ်လုပွဲ ပထမအကျော့ယှဉ်ပြိုင် ချယ်လ်ဆီးတို့ အဝေးကွင်း၌ သရေပွဲကြုံတွေ့ခဲ့ပြန်

ရေးသားတင်ပြသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် ဇန်နဝါရီ ၁၁

ကားလင်းဖလား ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်အဖြစ် ဝိုင်ကွမ်ဘီနှင့် ချယ်လ်ဆီးတို့ ဇန်နဝါရီ ၁၀ရက်က ယှဉ်ပြိုင်ကစားရာ တစ်ဂိုးစီ သရေကျခဲ့သည်။



ချယ်လ်ဆီးမှ မက်ခီလီလီ (ယာ) **ဝိုင်ကွမ်ဘီအသင်းဘက်သို့ ဤသို့ ထိုးဖောက်ကစားခဲ့သည်။**
(ဓာတ်ပုံ-အင်တာနက်)

ကားလင်းဖလား အကြိုဗိုလ်လုပွဲ ပထမပွဲစဉ်အဖြစ် ဝိုင်ကွမ်ဘီအသင်း၏ အဒမ်ပက်ကွင်း၌ကစားရာ ချယ်လ်ဆီးတို့ အဖွင့်ဂိုးဦးစွာသွင်းနိုင်ခဲ့သော်လည်း အိမ်ရှင် ဝိုင်ကွမ်ဘီတို့က ချေပဂိုး နောက်မှ လိုက်ကာ သွင်းယူခဲ့သဖြင့် တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ရသည်။

အထင်သေး

ချယ်လ်ဆီးသည် အကြိုဗိုလ်လုပွဲစဉ်ဖြစ်သော်လည်း ဝိုင်ကွမ်ဘီကို အထင်သေးစွာဖြင့် အရန်လူများကို ထည့်သွင်းအသုံးပြု ကစားစေခဲ့သည်။ ရိုက်ဖီးလစ်၊ ကာလူး၊ ဘောလက်၊ မက်ကေး၊ မက်ခီလီလီနှင့် အက်ရှ်လေကိုးလ်တို့အပြင် ဖရဲရားနှင့် အက်ဆီယန်တို့ကို ထည့်သွင်းကစားခဲ့ရာ ချယ်လ်ဆီးအသင်းပွဲအစတွင် ဖိကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်များလည်း ရရှိခဲ့သည်။

အဖွင့်ဂိုး

ချယ်လ်ဆီးအတွက် အဖွင့်ဂိုးကို ပွဲချိန် ၃၆မိနစ်၌ ဘရစ်ဂျီက သွင်းယူပေးခဲ့သည်။ ချယ်လ်ဆီးတို့ ဂိုးသွင်းခွင့် အခွင့်ရေးကောင်းများ ရရှိခဲ့သော်လည်း အဆုံးသတ်မသေချာမှုကြောင့် ဂိုးထပ်မံ မရရှိခဲ့ခြင်း ဖြစ်သည်။

တစ်ဂိုးစီသရေ

ဝိုင်ကွမ်ဘီ၏ ချေပဂိုးကို ပွဲချိန် ၇၇မိနစ်၌ အီစတားက သွင်းယူပေးခဲ့သဖြင့် တစ်ဂိုးစီသရေပွဲ ဖြစ်ခဲ့ရသည်။

ချယ်လ်ဆီးနှင့် ဝိုင်ကွမ်ဘီတို့သည် ကားလင်းဖလား အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ ပွဲစဉ်အဖြစ် ချယ်လ်ဆီးကွင်း စတန်းဖို့ဒ်ဘရစ်၌ ဇန်နဝါရီ ၂၃ရက်၌ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

(အင်တာနက်)

ထိပ်တန်းကစားသမားများကို မရောင်းပါ မန်စီးတီးမန်နေဂျာပီးယားစ် ပြောကြား

စုစည်းတင်ပြသူ
မြင့်မောင်စိုး

လန်ဒန် ဇန်နဝါရီ ၁၁

ပရီမီယာလိဂ် ဘောလုံးကစားသမားများ အပြောင်းအရွှေ့ရာသီတွင် အသင်းမန်နေဂျာများအနေဖြင့် ကစားသမားများအပြောင်းအရွှေ့ကိစ္စအတွက် အလွန်ပင် စိတ်ပူနေပုံရသည်။

မန်စီးတီးအသင်း မန်နေဂျာ စတုဂတ် ပီးယားစ်**(ယာပုံ)** က သူ၏ ထိပ်တန်း ကစားသမားများ ဖြစ်သည့် မီကာက်ချ် ရစ်ချက်၊ ဆယ်ဗိန်းဒစ်စတင်နှင့် ဂျိုးဘာတန်တို့ကို ရောင်းချလိမ့်မည် မဟုတ်ကြောင်း အခိုင်အမာ ပြောကြားလိုက်သည်။

အဆိုပါ ထိပ်တန်းကစားသမား သုံးဦးအား အခြားကလပ်များက ဆက်သွယ်မှုများရှိခဲ့ရာ ပီးယားစ်က ၎င်းတို့အား ဆက်လက်ခေါ်ယူထားမည်ဖြစ်ကြောင်း မန်ချက်စတာညနေခင်းသတင်းစာသို့ ပြောကြားလိုက်သည်။

ကြိုးစား

သို့ရာတွင် ကွင်းလယ်ကစားသမား ကလော်ဒီယိုရေနာနှင့် နောက်တန်းလူ ဒန်နီမေးလ်တို့အား ရောင်းချမည်ဖြစ်ကြောင်း ပီးယားစ်က ဝန်ခံပြောကြားလိုက်သည်။ ပီးယားစ်သည် မန်စီးတီးအသင်းကို ပိုမိုတောင့်တင်းခိုင်မာသော အသင်းဖြစ်ရန် ကြိုးစားနေကြောင်းလည်း ဝန်ခံခဲ့သည်။

ဆက်သွယ်ခဲ့

ရစ်ချက်အား ချယ်လ်ဆီးအသင်းကလည်းကောင်း၊ ဘာတန်အား နယူးကာဆယ်အသင်းကလည်းကောင်း၊ ဒစ်စတင်အား ပို့စ်မောက်၊ မစ်ဒယ်ဘရော့၊ နယူးကာဆယ်နှင့် အက်စ်တွန်ဗီလာအသင်းများက ခေါ်ယူရန် ဆက်သွယ်ခဲ့သည်ဟု ဆိုသည်။ **(အင်တာနက်)**

ဘီနင်နည်းပြ နုတ်ထွက် ဆာဂီဒေးဗစ်နှင့် အစားထိုးမည်

နုတ်ထွက်သွားသူ ဘီနင် နည်းပြ အက်ဒ်မီကိုဂျို။
(ဓာတ်ပုံ-အင်တာနက်)

လန်ဒန် ဇန်နဝါရီ ၁၁

ဘီနင်ဘောလုံးအသင်းနည်းပြ အက်ဒ်မီကိုဂျိုသည် နည်းပြအဖြစ်မှ နုတ်ထွက်သွားပြီဖြစ်ကြောင်း ဘီနင် ဘောလုံးအဖွဲ့ချုပ် (အက်ဖ်ဘီအက်ဖ်)က သတင်းထုတ်ပြန်လိုက်သည်။

စီစဉ်လျက်ရှိ

နုတ်ထွက်သွားသော ဘီနင် ဘောလုံးအသင်းနည်းပြ ကိုဂျိုသည် ယခင် ဘီနင်နည်းပြဖြစ်သော ပြင်သစ်နိုင်ငံသား ဆာဂီဒေးဗစ်၏ နေရာ၌ အစားထိုး တာဝန်ယူခဲ့သူဖြစ်ပြီး ၁၈လကြာ ဘီနင် နည်းပြအဖြစ် တာဝန်ယူခဲ့ပြီးနောက် ယခုကဲ့သို့ နုတ်ထွက်သွားခြင်း ဖြစ်သည်။ အက်ဒ်မီကိုဂျို၏နေရာကို ပြင်သစ်နိုင်ငံသား နည်းပြ ဒီဒီရာနော့ထရက်ဖြင့် အစားထိုး ခန့်အပ်တာဝန်ပေးရန် ဘီနင်ဘောလုံးအဖွဲ့ချုပ်က စီစဉ်လျက်ရှိသည်။

ကစားရမည်

ဒီဒီရာနော့ထရက်၏ အမည်ကို ဘီနင်ဘောလုံးအဖွဲ့ချုပ်က ဘီနင်နိုင်ငံ အားကစားဝန်ကြီးဌာနသို့တင်ပြထားပြီး ခွင့်ပြုပါက ဘီနင်နည်းပြအဖြစ် ခန့်အပ်တာဝန်ပေးမည် ဖြစ်သည်။ ဘီနင်အသင်းသည် ၂၀၀၈ ခုနှစ် အာဖရိကဖလား ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအဖြစ် မာလီအသင်းနှင့် ယခုနှစ် မတ်လ ၂၅ရက်၌ ကစားရမည်ဖြစ်သည်။

(အင်တာနက်)

လိဒ်ယူနိုက်တက်မှ မက်သရူး ရှက်ဖီးသို့ပြောင်းမည်

လန်ဒန် ဇန်နဝါရီ ၁၁

ရှက်ဖီးအသင်းသို့ ပြောင်းရွှေ့ကစားမည့် မက်သရူးကီလ်ဂါလွှန်။
(ဓာတ်ပုံ-အင်တာနက်)

လိဒ်ယူနိုက်တက်အသင်းမှ နောက်တန်းခံစစ်မှူးဖြစ်သူ မက်သရူးကီလ်ဂါလွှန်အား ရှက်ဖီးယူနိုက်တက်အသင်းက ပေါင်ငွေ ၁ဒသမ ၇၅သန်းဖြင့် ခေါ်ယူမည်ဖြစ်ကြောင်း ရှက်ဖီးယူနိုက်တက်က ပြောကြားလိုက်သည်။

ခေါ်ယူမည်

အသက်(၂၃)နှစ်အရွယ်ရှိ မက်သရူးသည် အင်္ဂလန်အသက်(၂၁)နှစ်အောက် ဘောလုံးအသင်းတွင် ကစားခဲ့သူဖြစ်ပြီး ရှက်ဖီးက သုံးနှစ်ခွဲစာချုပ်ဖြင့် ခေါ်ယူမည် ဖြစ်သည်။

ပရီမီယာလိဂ်၌ ကစားရခြင်းမှာ မိမိ၏ အပြင်းထန်ဆုံး ဆန္ဒပင်ဖြစ်ကြောင်း၊ ပရီမီယာလိဂ်၌ မိမိအမြဲတမ်းကစားချင်နေကြောင်း မက်သရူးက ပြောကြားသည်။

အငှားချထား

မက်သရူးသည် လိဒ်ယူနိုက်တက် အကယ်ဒမီထွက်ဖြစ်ပြီး လိဒ်ယူနိုက်တက်အတွက် ၉၅ပွဲ ကစားပေးခဲ့ပြီး သူလည်း ဖြစ်သည်။ ပြီးခဲ့သည့် ဘောလုံးရာသီ၌ ဝက်စ်ဟမ်းအသင်းသို့ အငှားချထားခဲ့သူလည်း ဖြစ်သည်။

ယခုကဲ့သို့ ရှက်ဖီးအသင်းမှ ခေါ်ယူခြင်းအတွက် ကြီးမားသော အခွင့်အရေးတစ်ရပ်အဖြစ် မိမိယူဆကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

လီဗာပူးအသင်း၏ ရှုံးနိမ့်မှုများအတွက် ဘင်နီတက်ဇ် ဘောလုံးပရိသတ်ကိုတောင်းပန်

လီဗာပူးအသင်း မန်နေဂျာ ရာဖေးလ်ဘင်နီတက်ဇ်။
(ဓာတ်ပုံ-အင်တာနက်)

လန်ဒန် ဇန်နဝါရီ ၁၁

အနီရောင် လီဗာပူးအသင်းသည် အင်န်ဖီးလ်ကွင်း၌ ကားလင်းဖလား ပြိုင်ပွဲအဖြစ် အာဆင်နယ်အသင်းကို ခြောက်ဂိုး-သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် မန်နေဂျာ ရာဖေးလ် ဘင်နီတက်ဇ်က လီဗာပူးအသင်းကို ထောက်ခံအားပေးသူများအား တောင်းပန်ခဲ့ရသည်။

"ကျွန်တော်တို့ဒီညဟာ အရုပ်ဆိုးဆုံး အကျည်းတန်တဲ့ ညတစ်ညပါ။ ကျွန်တော်တို့အားလုံးကို ထောက်ခံအားပေးကြတဲ့ ပရိသတ်ကြီးအတွက် ဝမ်းနည်းမိပါတယ်။ မည်သူ့ကိုမှ အပြစ်မဆိုတော့ပါဘူး။ ကျွန်တော်တို့အားလုံး နိုင်အတူတူ၊ ရှုံးအတူတူပေါ့"ဟု ဘင်နီတက်ဇ်က ပြောကြားသည်။

"ကျွန်တော်တို့အားလုံး ပြီးခဲ့တာတွေကို မေ့ပစ်လိုက်ကြပါတော့၊ စနေနေ့မှာ ဝက်ဖို့ဒ်ကို အနိုင်ကစားဖို့နဲ့ ချန်ပီယံလိဂ်မှာ အနိုင်ကစားဖို့ပဲ ဆက်ကြိုးစားရန်သာ ရှိတော့တယ်"ဟူ၍လည်း ၎င်းက ပြောကြားသည်။

အဆိုပါ ရှုံးနိမ့်မှုသည် အာဆင်နယ်က အက်ဖ်အေဖလားပြိုင်ပွဲတွင် လီဗာပူးအသင်းအား သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီးနောက် တစ်ဖန် ရှုံးပွဲကြုံခဲ့ရခြင်း ဖြစ်သည်။

သို့ရာတွင် ယင်းပြိုင်ပွဲ၌ အာဆင်နယ်တို့အနိုင်ရခဲ့၍ ကားလင်းဖလား အကြိုဗိုလ်လုပွဲအဖြစ် စပါးအသင်းနှင့် ယှဉ်ပြိုင်ရာတွင် စိတ်ဓာတ်ရေးရာအရ အလွန်ကြီးမားသော ခွန်အားတစ်ရပ်ဖြစ်ခဲ့ကြောင်း အာဆင်ဝင်းဂါးက ပြောကြားလိုက်သည်။

ဆမ်ဒိုးရီးယားဂိုးသမားအား လီဗာပူးခေါ်လငှားမည်

လန်ဒန် ဇန်နဝါရီ ၁၁

ဆမ်ဒိုးရီးယားဂိုးသမား ဒါနီလီပက်ဒယ်လီသည် လီဗာပူးအသင်းသို့ ခေါ်လအငှား သွားရောက်ကစားလိမ့်မည်ဖြစ်ကြောင်း ၎င်း၏အေးဂျင့်က ပြောကြားလိုက်သည်။ အသက် (၂၁)နှစ်ရှိ အဆိုပါ ဂိုးသမားသည် အသက်(၂၁)နှစ်အောက် အီတလီလက်ရွေးစင်ဘောလုံးအသင်း၏ ဂိုးသမားဖြစ်သည်။

အငှားကစား

အဆိုပါ အသင်းနှစ်သင်းသည် ၎င်းဂိုးသမားအား ခြောက်လ အငှားစာချုပ်ရန် သဘောတူညီထားပြီ ဖြစ်ကြောင်း၊ ၎င်းဂိုးသမားအနေဖြင့် လီဗာပူးအသင်းတွင် ကစားရန် အလားအလာ ကောင်းနေပြီဖြစ်ကြောင်း ယင်းကစားသမား၏ အေးဂျင့်ဆယ်ဗာနိုမာတီနာက ပြောကြားသည်။ ပက်ဒယ်လီသည် ပြီးခဲ့သောနွေရာသီက အီတလီ စီးရီးဘီအသင်းဖြစ်သော ခရိုတန်အသင်းသို့ အငှားသွားရောက်ကစားပေးခဲ့သည်။ (အင်တာနက်)

လီဗာပူးအသင်း၏ အဆိုးရွားဆုံးရှုံးနိမ့်ခဲ့မှုမှတ်တမ်း

လီဗာပူး ၀-၆ ဆန်းဒါးလင်း
(၁၉၃၀၊ ဧပြီ ၁၉)

လီဗာပူး၁-၆ မန်စီးတီး
(၁၉၂၉၊ အောက်တိုဘာ ၂၆)

လီဗာပူး ၃-၆ အက်စ်တွန်ဗီလာ
(၁၉၁၄၊ နိုဝင်ဘာ ၂၈)

လီဗာပူး ၀-၅ အဲဗာတန်
(၁၉၁၄၊ အောက်တိုဘာ ၃)

လီဗာပူး ၃-၆ အာဆင်နယ်
(၂၀၀၇၊ ဇန်နဝါရီ ၉)

(အင်တာနက်)

အာဆီယံချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ ယနေ့စတင်ယှဉ်ပြိုင်မည် မလေးရှားနှင့် ဖိလစ်ပိုင်၊ မြန်မာနှင့်ထိုင်း ပွဲဦးထွက်ဆုံတွေ့

သတင်းဆောင်းပါး-ကိုထွေး

ရန်ကုန် ဇန်နဝါရီ ၁၁

အာဆီယံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇ ခုနှစ် အာဆီယံ ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ASEAN Football Championship 2007) အုပ်စု(က)ပွဲစဉ်များကို ဇန်နဝါရီ ၁၂ ရက် **(ယနေ့)** ညနေပိုင်းမှ စတင်၍ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

နည်းပြ ဦးဆန်းဝင်း

မြန်မာ့ လက်ရွေးစင် ဘောလုံး အသင်း နည်းပြချုပ် ဦးဆန်းဝင်း။

ပထမပွဲစဉ်အဖြစ် မြန်မာစံတော်ချိန် ညနေ ၄ နာရီတွင် မလေးရှားအသင်းနှင့် ဖိလစ်ပိုင်အသင်း၊ ဒုတိယပွဲစဉ်အဖြစ် မြန်မာစံတော်ချိန် ည ၆နာရီခွဲတွင် ထိုင်းအသင်းနှင့် မြန်မာအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ MRTV-4မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။ အာဆီယံ ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို (Star Sports Channel UBC-40) ရုပ်သံလိုင်းမှလည်း တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဟု သိရသည်။

မြန်မာအသင်း

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းတွင် နည်းပြချုပ်အဖြစ် ဦးဆန်းဝင်း၊ လက်ထောက်နည်းပြအဖြစ် ဦးကြည်လွင်၊ ဂိုးနည်းပြအဖြစ် ဦးမျိုးချစ်၊ အားကစားသမားများအဖြစ် **(ဂိုး)** အောင်အောင်ဦး၊ ကျော်ဇင်ထက်၊ ကိုကိုအောင်၊ **(နောက်တန်း)** မင်းသူ၊ မိုးဝင်း၊ ဇော်လင်းထွန်း၊ ခင်မောင်လွင်၊ ဇော်ထက်အောင်၊ အေးဆန်း၊ ကျော်ခိုင်ဝင်း၊ **(အလယ်တန်း)** ခင်မောင်ထွန်း၊ အောင်မျိုးသန့်၊ အောင်မြင့်အေး၊ စိုးသီဟအောင်၊ စိုးမြတ်မင်း၊ ရာဇာဝင်းသိန်း၊ မျိုးမင်းထွန်း၊ ကျော်သီဟ၊ **(ရှေ့တန်း)** ရန်ပိုင်၊ ကျော်သူရ၊ လှအေးထွေးနှင့် စည်သူဝင်းတို့ပါဝင်ကြသည်။

မာဒေးကားဖလားဘောလုံးပြိုင်ပွဲ၌ အနိုင်ရဗိုလ်စွဲခဲ့သော မြန်မာ့လက်ရွေးစင်အသင်းမှ ဇော်ဇော်၊ အောင်ကျော်မိုးနှင့် ကျော်ဇေယျာမင်းတို့မှလွဲ၍ ကျန်အားကစားသမား ၁၅ဦး ပြန်လည်ပါဝင်လာသည်။ဒုတိယအကြိမ် ဂရင်းရှိုင်ရယ်ဖလား ဘောလုံးပြိုင်ပွဲတွင် ခြေစွမ်းပြကစားနိုင်ခဲ့ကြသော မြန်မာ(ယူ-၂၃) အသင်းမှ မျိုးမင်းထွန်း၊ ကျော်သီဟ၊ လှအေးထွေး၊ ရာဇာဝင်းသိန်းနှင့် အေးဆန်းတို့ကို ထပ်မံအင်အား ဖြည့်တင်း၍ ဖွဲ့စည်းထားခြင်း ဖြစ်သည်။

ပါဝင်ရန်မသေချာ

မြန်မာ့လက်ရွေးစင်အသင်း ခေါင်းဆောင် စိုးမြတ်မင်းသည် ဒုတိယအကြိမ် ဂရင်းရှိုင်ရယ်ဖလား ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ရရှိခဲ့သော ဒူးအရွတ်စုတ်ပြဲသွားသည့် ဒဏ်ရာမှာ ကောင်းစွာ မပျောက်ကင်းသေး၍ ထိုင်းနှင့် ကစားမည့် ပွဲဦးထွက်၌ ပါဝင်ရန်မသေချာဘဲ ဖြစ်နေသည်။ တိုက်စစ်မှူး စည်သူဝင်း၏ လက်ဒဏ်ရာ အခြေအနေမှာ တိုးတက်မှုရှိသော်လည်း အလျှင်းမပျောက်သေး၍ အရန်ခုံထိုင်ရဖွယ် ရှိသည်။ စိုးမြတ်မင်း မပါဝင်လျှင် အသင်းခေါင်းဆောင် တာဝန်ကို နောက်တန်းလူများဖြစ်ကြသည့် ဇော်လင်းထွန်းနှင့် မင်းသူတို့ တာဝန်ယူမည်ဟု သိရသည်။

ထိုင်းနည်းပြ

ထိုင်းလက်ရွေးစင်ဘောလုံးအသင်း နည်းပြ ချန်ဝစ်ပိုချီဝင်းက မြန်မာနှင့်ပွဲအပေါ် ပွဲကြိုပြောကြားရာ **“လက်ရှိအသင်း၏ ခြေစွမ်းနှင့်ရလဒ်ကို မိမိ ကျေနပ်ကြောင်း၊ အထူးသဖြင့် တိုက်စစ်ဦးစားပေး ကစားပုံကို ဖြစ်ကြောင်း၊ မြန်မာနှင့်ကစားရမည့် အဖွင့်ပွဲစဉ်သည် မာဒေးကားဖလားပွဲကကဲ့သို့ ပွဲကျပ်တစ်ပွဲဖြစ်လာနိုင်ကြောင်း၊ သို့သော် မိမိတို့၏လက်ရှိအသင်းမှာ မာဒေးကားဖလားပွဲဝင်ခဲ့သည့် ယူ-၂၃အသင်း မဟုတ်ဘဲ ဝါရင့်လက်ရွေးစင်များဖြင့် ဖွဲ့စည်းထားသဖြင့် အနိုင်ရမည်ဟု ယုံကြည်ပါကြောင်း၊ ပြိုင်ဘက်များ အနေဖြင့် မိမိတို့အသင်းကို ခံစစ်ဦးစားပေးသည့် နည်းဗျူဟာချမှတ်၍ကစားလိမ့်မည်ဖြစ်ကြောင်း၊ အုပ်စုပွဲစဉ် သုံးပွဲစလုံးကို အနိုင်ရအောင်ကစားသွားမည် ဖြစ်ကြောင်း”** ပြောကြားသည်။

မြန်မာအသင်းနည်းပြ

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း နည်းပြ ဦးဆန်းဝင်းက ပွဲကြိုပြောကြားရာ၌ **“ထိုင်းအသင်းသည် တောင်ပံများမှ တိုက်စစ်ဆင် ကစားမှုများ ကြောင်း၊ လွတ်ရင်လွတ်သလို အလယ်ကြောမှ ဂိုးသွင်းလေ့ရှိကြောင်း၊ မိမိတို့အနေဖြင့် ဘောလုံးဆုံးသည့်အချိန်၌ ကျစ်ကျစ်လျစ်လျစ်ဖြင့် နှစ်ဦးထပ်ပြီး ကာကွယ်ရန် ပြင်ဆင်ထားကြောင်း၊ ထိုင်းအသင်း၏ အားနည်းချက်မှာ နောက်ခံလူနှင့် ဗဟိုနောက်ခံလူအကြား၌ ဟာကွက်ရှိနေခြင်းပင်ဖြစ်ကြောင်း၊ ထိုဟာကွက်မှ ထိုးဖောက်ဂိုးသွင်းရန် ပြင်ဆင်ထားကြောင်း၊ မိမိတို့အနေဖြင့် ထိုင်းအသင်းကို ဖွင့်ကစားနိုင်လောက်သည့် အနေအထားမျိုးမရှိသေးကြောင်း၊ ကြိုးစားနေဆဲဖြစ်ကြောင်း၊ အုပ်စုတွင်း သုံးပွဲစလုံးကို လျှော့တွက်၍ မရပါကြောင်း၊ မြန်မာလူမျိုးတစ်ဦးဖြစ်သည့်အတွက် မြန်မာအသင်းကစားသည့်ပွဲတိုင်းအနိုင်ရသည်ကိုမြင်ချင်ပါကြောင်း၊ အနိုင်ရအောင်လည်း အမြဲကြိုးစား ယှဉ်ပြိုင်သွားမှာဖြစ်ကြောင်း”** ပြောကြားသည်။

ချီးမြှင့်မည်

အာဆီယံ တိုက်ဂါးဖလားဘောလုံးပြိုင်ပွဲကို အမည်ပြောင်းလဲ၍ ကျင်းပသော အာဆီယံ ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲသည် နိုင်ငံ့လက်ရွေးစင်အသင်းများယှဉ်ပြိုင်သော ပြိုင်ပွဲဖြစ်၍ အာဆီယံဒေသတွင်း၌ အဆင့်အတန်းအမြင့်ဆုံး နိုင်ငံတကာ ဘောလုံးပြိုင်ပွဲတစ်ခု ဖြစ်သည်။ ယခုပြိုင်ပွဲတွင် ဆုကြေးအဖြစ် ပထမဆု အမေရိကန်ဒေါ်လာတစ်သိန်း၊ ဒုတိယဆု အမေရိကန်ဒေါ်လာ ငါးသောင်း၊ ပူးတွဲတတိယဆု အမေရိကန်ဒေါ်လာ နှစ်သောင်း (တစ်သင်းလျှင် ဒေါ်လာတစ်သောင်းစီ) ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

ထိုင်းအသင်း

အာဆီယံချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ အမည်ဖြင့် ပထမဆုံးအကြိမ် ကျင်းပသည့် ပြိုင်ပွဲတွင် အာဆီယံတိုက်ဂါးဖလား ဘောလုံးပြိုင်ပွဲ၌ သုံးကြိမ်ချန်ပီယံဖြစ်ခဲ့သော ထိုင်းအသင်းပင် ဗိုလ်စွဲရန်

စိုးမြတ်မင်း

ဒဏ်ရာအလျှင်း မပျောက်သေး၍ ပွဲဦးထွက်၌ ပါဝင်ရန် မသေချာသော မြန်မာ့ လက် ရွေး စင် အသင်း ခေါင်း ဆောင် စိုးမြတ် မင်း။

ရေပန်းအစားဆုံး ဖြစ်နေသည်။ ပူးတွဲအိမ်ရှင်ဖြစ်ပြီး ချန်ပီယံသုံးကြိမ် ဖြစ်ဖူးသည့်အပြင် လက်ရှိခြေစွမ်းအရလည်း ပြိုင်ဘက်များထဲ၌ အကောင်းဆုံးဟု ဆိုရပေမည်။

မကြာမီက ကျင်းပပြီးစီးခဲ့သည့် ထိုင်းဘုရင့်ဖလား ဘောလုံးပြိုင်ပွဲတွင် ဗီယက်နမ်၊ စင်ကာပူ၊ ကာဇက်စတန် အသင်းများကို ခြေစွမ်းပြအနိုင်ကစားပြီး ဗိုလ်စွဲခဲ့သည်။ လူငယ်ခြေတက်များနှင့် လက်ရွေးစင်ဟောင်းများကို အချိုးညီပေါင်းစပ် ဖွဲ့စည်းထားသဖြင့် အသင်းလိုက်ကစားကွက် ကောင်းမွန်သည်။ ဝါရင့်နာမည်ကျော် တိုက်စစ်မှူး ကိုင်တီဆက် ပြန်လည်ပါဝင်လာခြင်းကြောင့် တိုက်စစ်အားထက်မြက်သည်။ ထိုင်းဘုရင့်ဖလား ဗိုလ်လုပွဲ၌ ဗီယက်နမ်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ယူကာ အာဆီယံချန်ပီယံဆုအတွက် အသင့်ဖြစ်နေပြီဖြစ်ကြောင်း ပြသခဲ့သည်။

ဂိုးများပြန်ပေးခဲ့ရ

မြန်မာ့လက်ရွေးစင်အသင်းသည် မာဒေးကားဖလား ဘောလုံးပြိုင်ပွဲ၌ အနိုင်ရဗိုလ်စွဲပြီးနောက် ဒုတိယအကြိမ် ဂရင်းရှိုင်ရယ်ဖလား ဘောလုံးပြိုင်ပွဲ၌ ဗိုလ်စွဲထားသည်မှာ ပူပူနွေးနွေးပင်ရှိသေးသည်။ ဒုတိယအကြိမ် ဂရင်းရှိုင်ရယ်ဖလားဘောလုံးပြိုင်ပွဲ၌ ဗိုလ်စွဲခဲ့သော်လည်းမလေးရှား(ယူ-၂၃)အသင်းကို အုပ်စုပွဲစဉ်၌ ရှုံးနိမ့်ခဲ့ခြင်းနှင့် မြန်မာ(ယူ-၂၃)အသင်းကို ဂိုးများ ပြန်လည်ပေးခဲ့ရခြင်းတို့ကြောင့် အားနည်းချက်များရှိနေသေးကြောင်းသုံးသပ်ခဲ့ကြသည်။

အသင်းခေါင်းဆောင် စိုးမြတ်မင်းသည် ဂရင်းရှိုင်ရယ်ဖလား ဘောလုံးပြိုင်ပွဲ၌ ဂိုးအများဆုံး သွင်းသူဆု (ရွှေဖိနပ်ဆု) ရရှိခဲ့သည်။ စိုးမြတ်မင်း ပါဝင်လျှင် အသင်း၏ ကစားအားနှင့် တိုက်စစ်အား ထက်မြက်သော်လည်း စိုးမြတ်မင်း မပါလျှင် အသင်း၏ တိုက်စစ်အား လျော့နည်းသွားသည်။ ပွဲဦးထွက်၌ ဒဏ်ရာအလျှင်းမပျောက်သေးသော စိုးမြတ်မင်း မပါဝင်လျှင် တိုက်စစ် အားနည်းနိုင်သည်ဖြစ်ရာ နည်းပြများအနေဖြင့် ထိုအချက်ကို ကြိုတင်တွက်ဆထားရမည့်အနေအထား ဖြစ်သည်။

သရေပွဲ

မာဒေးကားဖလား ပြိုင်ပွဲတွင် မြန်မာနှင့်ထိုင်းတို့ ဆုံတွေ့ခဲ့ရာ သုံးဂိုးစီ သရေပွဲဖြစ်ခဲ့သည်။ အာဆီယံတိုက်ဂါးဖလား ဘောလုံးပြိုင်ပွဲ၌ မြန်မာနှင့် ထိုင်းတို့ ဆုံတွေ့မှုတွင် မြန်မာအသင်းအနေဖြင့် သရေထက်ကောင်းသော ရလဒ်မရခဲ့ဖူးချေ။ ၁၉၉၈ခုနှစ် ဒုတိယအကြိမ် အာဆီယံတိုက်ဂါး ဖလားပြိုင်ပွဲတွင် မြန်မာနှင့်ထိုင်းတစ်ဂိုးစီ သရေကျခဲ့သည်။ ၂၀၀၀ပြည့်နှစ် တတိယအကြိမ် အာဆီယံ တိုက်ဂါးဖလားပြိုင်ပွဲတွင် ထိုင်းကမြန်မာကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။၂၀၀၄ခုနှစ် ပဉ္စမအကြိမ် အာဆီယံ တိုက်ဂါးဖလားပြိုင်ပွဲတွင် မြန်မာနှင့် ထိုင်းတစ်ဂိုးစီ သရေကျခဲ့သည်။

အကြိတ်အနယ်

မြန်မာ့လက်ရွေးစင် အသင်းသည် ၂၀၀၄ခုနှစ် ပဉ္စမအကြိမ် အာဆီယံ တိုက်ဂါးဖလား ဘောလုံးပြိုင်ပွဲတွင် ပထမဆုံးအကြိမ် အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ ယခုပြိုင်ပွဲ၌ မြန်မာအသင်း အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ရေးမှာ ပွဲဦးထွက်၌ အနည်းဆုံးသရေ(တစ်မှတ်)ရအောင် ကစားရမည်ဖြစ်သည်။ မြန်မာအသင်းနှင့်ထိုင်းအသင်းတို့သည် အာဆီယံ ဒေသတွင်း၌ ပြိုင်ဘက်ကောင်းများ ဖြစ်ကြရာ ထိုင်းအသင်းဘက်၌ အားသာချက်အချို့ ရှိနေသည် ဆိုသော်လည်း မြန်မာအသင်း၏အနိုင်ရလိုစိတ် ထက်သန်ပြင်းပြမှုကြောင့် အကြိတ်အနယ်ပွဲကောင်း တစ်ပွဲဖြစ်လာနိုင်သည်။ မာဒေးကားဖလား ချန်ပီယံ မြန်မာ့လက်ရွေးစင်အသင်း၏ ခြေစွမ်းအမှန်မည်သို့ရှိမည်ကို ထိုင်းအသင်းနှင့်ပွဲ ရုပ်မြင်သံကြားဖန်သားပြင်၌ ရင်ခုန်စွာ စောင့်စားကြည့်ရှုကြရမည်ဖြစ်ကြောင်း သတင်းစကားပါး ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ရန်ကုန် အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော်ကြီးနှင့် အရံစေတီရှစ်ဆူတို့အား ပထမအကြိမ် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန် တောင်ဥက္ကလာပမြို့နယ် (၁၀)ရပ်ကွက် ဓမ္မရာဇာလမ်း အမှတ် ၂၅၅ နေ ဦးတော်ဝါး-ဒေါ်ကျင်ဗုက် မိသားစုက အလှူငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက အနုမောဒနာဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (၂၀၀)

နှစ်ကျိပ်ရှစ်ဆူဘုရားများ ပူဇော်ပွဲနှင့် မိဘကျေးဇူးဆပ် အထူးတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် ကေတုမတီလမ်းရှိ (၆)ရပ်ကွက်လုံးဆိုင်ရာ ဗဟိုဓမ္မာရုံတော်ကြီးတွင် တရားပွဲအလှူရှင် ဦးအေးကို-ဒေါ်တင်တင်မြင့်မိသားစုတို့က နှစ်ကျိပ်ရှစ်ဆူဘုရားများပူဇော်ပွဲနှင့် မိဘကျေးဇူးဆပ် အထူးတရားပွဲကို ဇန်နဝါရီ၁၃ရက်(စနေနေ့)ညတွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်)၊ ၁၄ ရက် (တနင်္ဂနွေနေ့)ညနှင့် ၁၅ရက် (တနင်္လာနေ့)ညတို့တွင် အရှင်စန္ဒိမာ (အောင်လံဆရာတော်)၊ ၁၆ရက် (အင်္ဂါနေ့)ညတွင် မေတ္တာရှင် အရှင်ဇဝန (ရွှေပြည်သာ) ဆရာတော်တို့က ညစဉ်၇နာရီမှစ၍ တရားအလှူပေးလှူမည်ဖြစ်ရာ တရားအလှူခံကြွရောက်ပါရန် ဖိတ်ကြားနိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

ဘက်ခမ်း အယ်လ်အေဂလက်ဆီသို့ ပြောင်းရွှေ့မည်

မက်ဒရစ် ဇန်နဝါရီ ၁၁

စပိန်လာလီဂါ ရီးရဲမက်ဒရစ်အသင်း၌ ကစားနေသော ဒေးဗစ်ဘက်ခမ်းသည် လော့အိန်ဂျလိစ်မေဂျာလိဂ် ဘောလုံးအသင်းတစ်သင်းဖြစ်သော အယ်လ်အေဂလက်ဆီအသင်းသို့ ယခုနှစ်ရာသီအကုန်တွင် ပြောင်းရွှေ့တော့မည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၁ ရက်က အင်တာနက်သတင်း၌ သတင်းဖော်ပြသည်။

ငါးနှစ်စာချုပ်

အသက် ၃၁ နှစ်ရှိ အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်း ဒေးဗစ်ဘက်ခမ်းသည် အဆိုပါအသင်းနှင့် ငါးနှစ်စာချုပ်မည်ဖြစ်ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။

ဒေးဗစ်ဘက်ခမ်း

ယခု သီတင်းပတ်အတွင်း ရီးရဲမက်ဒရစ်က မိမိအား အနာဂတ်အတွက် ဆုံးဖြတ်ချက်ချရန်နှင့် နောက်ထပ်နှစ်နှစ်စာချုပ်သက်တမ်းတိုးရန် ကမ်းလှမ်းခဲ့ကြောင်း၊ မိမိသည်ရီးရဲမက်ဒရစ်အသင်းတွင် ဆက်နေရေး၊ မနေရေးနှင့် အခြားဥရောပအသင်းများသို့ ပြောင်းရွှေ့ရေးတို့ကို အသေအချာ စဉ်းစားပြီးမှ ယခုကဲ့သို့ အယ်လ်အေဂလက်ဆီသို့ ပြောင်းရွှေ့ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ဘက်ခမ်းက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ဘက်ခမ်းသည် ၂၀၀၃ခုနှစ် ဇူလိုင်လက မန်ချက်စတာယူနိုက်တက်အသင်းမှ ရီးရဲမက်ဒရစ်အသင်းသို့ ပေါင် ၂၅သန်းဖြင့် ပြောင်းရွှေ့လာသူဖြစ်သည်။

ဆုဖလားမရ

သို့ရာတွင် ရီးရဲမက်ဒရစ်အသင်းသည် ဘက်ခမ်းရောက်လာသည့် သုံးနှစ်ခွဲကာလတွင် မည်သည့်ဆုဖလားတစ်လုံးတစ်လေမျှ မဆွတ်ခူးနိုင်ခဲ့ပေ။

ရှန်းကန်နေရ

ယခုနှစ်ရာသီတွင် ဘက်ခမ်းအတွက် စိတ်ပျက်စရာအကောင်းဆုံးရာသီဖြစ်နေသည်။ အင်္ဂလန်နည်းပြ မက္ကလာရင်က အင်္ဂလန်အသင်း၌ ပြန်မခေါ်သည့်အပြင် ရီးရဲမက်ဒရစ်အသင်းတွင်လည်း ပထမလူထွက်စာရင်း၌ ပါဝင်ရေး ရှန်းကန် ကြိုးစားနေရသည်။ **(အင်တာနက်)**

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

သီဟသုဓမ္မမဏိဇောတဓရ သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးမြင့် အုပ်ချုပ်မှုဒါရိုက်တာ၊ရတနာဝင်း (သုံးဆယ်)လီမိတက်၊ **ဥက္ကဋ္ဌ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်**အား ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၀၇)ဖြင့် **လူမှုထူးချွန်တံဆိပ် (ပထမဆင့်)** ဂုဏ်ထူးဆောင် တံဆိပ်အပ်နှင်းခြင်းခံရသည့်အတွက် မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်အနေဖြင့် လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် လူမှုရေးအကျိုးပြုလုပ်ငန်းများကို ဆတက်ထမ်းပိုး သယ်ပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဥက္ကဋ္ဌ
ဗဟိုအလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်

KMD Computer Centre
Basic Software Engineering
Computer Programming [illegible]
Program [illegible]
Programmer [illegible]

ဝမ်းမြောက်ကျေးဇူးတင်ရှိခြင်း

မော်လမြိုင်မြို့၊ ဆံတော်ရှင် ကျိုက်သုတ်စေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆေးပဋ္ဌာန်းပူဇော်ပွဲကြီးအတွက် အလှူကောက်ခံပေးသော မောင်လမြိုင်အသင်း(ရန်ကုန်)နှင့် ၎င်းအသင်းမှ တစ်ဆင့်ပေးပို့လှူဒါန်းသော အလှူရှင်များနှင့် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များ မော်လမြိုင်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ အသီးသီးမှ ဝန်ထမ်းမိသားစုများအား ဆံတော်ရှင်ကျိုက်သုတ်စေတီတော်ဂေါပကအဖွဲ့မှ ဝမ်းမြောက်ကျေးဇူးတင်ရှိပါကြောင်း။

လာမည့်နှစ် (၁၂၂) ကြိမ်မြောက် ဆေးပဋ္ဌာန်းပူဇော်ပွဲအတွက် မော်လမြိုင်အသင်း(ရန်ကုန်)မှ တစ်ဆင့် ပေးပို့လှူဒါန်းကြသော အလှူရှင်များသည် ဆေးနှင့်အလှူငွေများကို ၃၁-၈-၂၀၀၇ ရက် နောက်ဆုံးထား လှူဒါန်းကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျိုက်သုတ်စေတီတော်
ဘဏ္ဍာထိန်းဂေါပကအဖွဲ့
မော်လမြိုင်မြို့။

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ဦးမြင့်သန်း(ခ)ဦးမောင်ငယ် (ကျော်အောင့်ဖ်ဆက်) သည် ၄-၁-၂၀၀၇ရက်တွင် နိုင်ငံတော်က ချီးမြှင့်ပေးအပ်သည့် လူမှုထူးချွန်တံဆိပ် (တတိယဆင့်)အား ထိုက်တန်စွာရရှိသည့်အတွက် အတိုင်းအဆမရှိ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် နိုင်ငံအကျိုး၊ သာသနာအကျိုးကို ဆတက်ထမ်းပိုးလှူဒါန်းဆောင်ရွက်နိုင်ပြီး လုပ်ငန်းများ ဆက်လက်တိုးတက်အောင်မြင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ကျိုက်သုတ်စေတီတော်
ဘဏ္ဍာထိန်းဂေါပကအဖွဲ့
မော်လမြိုင်မြို့။

မွေးနေ့ဆုတောင်း

၁၂-၁-၂၀၀၇ ရက်တွင် ကျရောက်သော သမီးလေး မြတ်ဘုန်းပြည့်မှူး(ခ)အိပုံ့ (Pre I, ILBC) ၏ (၄)နှစ်မြောက် မွေးနေ့မှသည် အသက်ရာကျော်ရှည်၍ သမီးလေးကိုချစ်သော ဖေဖေ၊ မေမေတို့နှင့်အတူ ကျန်းမာပျော်ရွှင် အောင်မြင်သော ဘဝခရီးလမ်း လျှောက်လှမ်းနိုင်ပြီး နိုင်ငံ့အကျိုး၊ သာသနာတော်အကျိုးသယ်ပိုးနိုင်သော ပညာပြည့်ဝသည့် သမီးကောင်း ရတနာဖြစ်ပါစေကြောင်း ဆန္ဒပြုဆုတောင်းလိုက်ပါသည်။

ဘိုးဘိုး	– ဦးငွေဇင်၊ ဦးသိန်းတန်
ဘွားဘွား	– ဒေါ်ခင်ရီ၊ ဒေါ်သန်းစိန်
ဖေဖေ	– ဦးဝင်းဇော် 2nd Mate (F.G), Ray Shipping
မေမေ	– ဒေါ်အေးသဇင်သိန်း (လ/ထဦးစီးမှူး ငါးလုပ်ငန်းဦးစီးဌာန)
ကယ်ကယ်ကြီး	– ဦးမျိုးဇော် 2nd Mate (F.G), UNIX Line
ဦးဦး–တီတီဖြူ	– ဗိုလ်ကြီးအောင်ဇော်ဦး (ကာကွယ်ရေးဝန်ကြီးဌာန)–ဒေါ်ဇင်ကေသွယ် (ဦးစီးအရာရှိ၊ အလုပ်သမားဥပဒေစစ်ဆေးရေး)
တီတီဝါ	– ဒေါက်တာဇင်မေသွယ် (လ/ထကထိက၊ ဒဿနိက ဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)။

ဇန်နဝါရီ၇ရက်က လှိုင်သာယာမြို့နယ် မြို့နယ်အဆင့်ဘက်စုံ ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို အထက(၁) အားကစားခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်သိန်းက လှိုင်သာယာမြို့နယ် အလက(၅)မှ စတုတ္ထတန်းကျောင်းသူ မမြတ်မျိုးဟန်အား မြို့နယ်အဆင့် ဘာသာစုံပထမနှစ် မြို့နယ်ဘက်စုံ ပထမဆုများ ချီးမြှင့်ပေးအပ်စဉ်။ (၁၈၀)

ဂုဏ်ယူဝမ်းမြောက်ခြင်း

သီရိသုဓမ္မမဏိဇောတဓရ ဦး[illegible] ၏ ဇနီး ဒေါ်[illegible] (B.Com) ([illegible]) အား ၂၀၀၇ခုနှစ် [illegible] နိုင်ငံတော်က ချီးမြှင့်ပေးအပ်သည့် သီဟသုဓမ္မသီဂီရိဘွဲ့ အားထိုက်တန်စွာ ရရှိသည့်အတွက် အထူးဝမ်းမြောက် ဂုဏ်ယူမိပါကြောင်း ။

ဦးသင်းမြ [illegible] + ဒေါ်သီတာမြ
သမီး–မအိမ့်မွန်သင်း (I.D.C.S, I.A.D.C.S)B.A

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

ကျွန်မတို့ ပန်းတနော်မြို့နယ်အတွင်း ဘုရား၊ ကျောင်း၊ ဇရပ်နှင့် လူမှုရေးလုပ်ငန်းများတွင် လှူဒါန်းမှုပြုခဲ့သော ဒေါ်ညွန့်ညွန့်ဝင်း [မန်နေဂျင်းဒါရိုက်တာ၊ ပျားဝတ်ရည် အင်တာပရိုက်(စ်)]အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၀၇ဖြင့် **"သီဟသုဓမ္မသီဂီရိဘွဲ့တံဆိပ်"** ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နောင်တွင်လည်း သက်ရှည်ကျန်းမာစွာဖြင့် နိုင်ငံတော်နှင့် သာသနာတော် အကျိုးအတွက် ဆတက်ထမ်းပိုး တိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့်
မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ ပန်းတနော်မြို့။

လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ရာသက်ပန် အမြဲတမ်း တရားစခန်း ကျွန်းကုန်းကျေးရွာ အုတ်ဖိုမြို့ ပဲခူးတိုင်း (အနောက်ပိုင်း) မိုးကုတ်ဝိပဿနာ သာသနာ့ ဒါယကာကြီး နယ်လှည့် ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ အစ်ကိုကြီး ဦးမြင့်ဆွေအား နိုင်ငံတော်က သာသနာရေးဆိုင်ရာ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ကို ထပ်မံချီးမြှင့်ခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဝမ်းမြောက် ဂုဏ်ယူပါကြောင်းနှင့် သာသနာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ညီ၊ ညီအစ်မများ– ဦးအေးကို၊ ဒေါ်စမ်းစမ်းနု၊ ဒေါ်ဝင်းစိန်
ဦးကျော်ဝင်း–ဒေါ်အေးမြင့်ကြည်
ဦးထွန်းအောင်ကျော်။

အသိပေးကြော်ငြာစာ

၁။ မွန်ပြည်နယ် မော်လမြိုင်မြို့ သန့်ရှင်းသာယာလှပရေးနှင့်အညီ ဈေးကြိုရပ်ကွက်အတွင်းတွင် ပွဲရုံတန်း၊ လူနေအိမ်၊ ကုန်မာဆိုင်၊ ကားကြီးဝင်းများပါဝင်သော မြေနေရာများကို ၂၀၀၁ ခုနှစ်ကစတင်၍ ချထားပေးခဲ့ရာ မြေနေရာချထားပေးခြင်းခံရသူများအနေဖြင့် ၃၀-၄-၂၀၀၇ ရက်နေ့အပြီး အဆောက်အအုံကို အမြန်ဆောက်လုပ်အသုံးပြုရန် ညွှန်ကြားထားသော်လည်း အောက်ဖော်ပြပါ မြေကွက်များသည် ယနေ့အထိ အဆောက်အအုံများ ဆောက်လုပ်ခြင်းမရှိသေးကြောင်း စိစစ်တွေ့ရှိရပါသည်။

မြေကွက်အမှတ် – (၁၂၂) (၁၂၄) (၁၂၅) (၁၂၆) (၁၂၇) (၁၃၃) (၁၃၄/ဘီ) (၁၃၈) (၁၃၉) (၁၄၁) (၁၄၂) (၁၄၄) (၁၄၆) (၁၄၈) (၁၅၃) (၁၅၄) (၁၀၁) (၁၀၂) (၁၀၄) (၁၀၆) (၁၀၇) (၁၁၀/အေ) (၁၁၅) (၁၁၇) (၁၁၈) (၁၁၉/အေ) (၁၁၉/ဘီ) (၁၂၈) (၁၂၉) (၁၃၀)(၁၃၁)(၁၃၂)(၁၃၇)

၂။ သို့ဖြစ်ပါ၍ မြေကွက်ပိုင်ရှင်များအနေဖြင့် ၃၀-၄-၂၀၀၇ ရက်အထိ အဆောက်အအုံ အပြီးသတ်ဆောက်လုပ်ခြင်းမရှိပါက မြေကွက်ကို ပြန်လည်သိမ်းဆည်းသွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
မော်လမြိုင်မြို့။
ဆက်သွယ်ရန် ဖုန်း–၂၄၈၇၅၊ ၂၄၆၉၃၊ ၂၁၄၅၉၊ ၂၁၆၇၇။

အထက(၁)ဒဂုံ အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၁

ယခင် မက်သဒစ် အင်္ဂလိပ်ဟိုက်စကူး(MEHS)နှင့် အထက (၁) ဒဂုံကျောင်းတွင်၁၉၅၄-၁၉၇၈ ခုနှစ်အတွင်း ပညာသင်ကြားခဲ့သော ကျောင်းသူ ကျောင်းသားဟောင်းများ ပြန်လည်ဆုံစည်းကြ၍ ဆရာကြီး ဆရာမကြီးများအား ဖေဖော်ဝါရီ ၁၁ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် အထက(၁)ဒဂုံ ဒဂုံသီရိခန်းမ၌ ဂါရဝပြုပူဇော်ကန်တော့ကြမည်ဖြစ်သည်။ ရပ်နီးရပ်ဝေးမှ ကျောင်းသူ ကျောင်းသားဟောင်းများသည် ဦးကျော်မောင် ဖုန်း–၂၂၄၄၉၀၊ ဦးရဲမြင့် ဖုန်း–၀၉-၅၀ ၀၈၇၅၀၊ ဦးစိုးညီညီ ဖုန်း–၀၉၅၀ ၁၉၆၄၃၊ ဦးထူးအောင်ကြီး ဖုန်း–၀၉-၅၁ ၂၁၈၁၈၊ ဒေါ်ထားချို ဖုန်း–၅၃၄၇၈၀၊ ဒေါ်ခင်မြင့်ခိုင် ဖုန်း–၀၉-၉၉ ၂၄၅၇၄၊ ဒေါ်တင်မေလွင် ဖုန်း–၅၅၄၀၃၉၊ ဒေါ်ခင်သန်းမူ ဖုန်း–၅၄၁၈၅၄၊ ဒေါ်တင်လှမြင့် အထက(၁) ဒဂုံ၊ ဒေါ်ရီစလင်းလှ– ဖုန်း–၅၆၆၆၅၂နှင့် ဦးကြည်ဝင်း ဖုန်း–၀၉-၉၉ ၂၄၇၂၉တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(က–ပ)

ဇန်နဝါရီ ၅ရက်က အမက (၂၈) တာမွေ၏ ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးတင်ထွေးက ၂၀၀၆-၂၀၀၇ ပညာသင်နှစ် စတုတ္ထတန်း၌ ထူးချွန်စွာအောင်ခဲ့သည့် မရတနာလွင်အား ဆုချီးမြှင့်စဉ်။ (က–ပ)

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် **ဦးမြင့်သန်း(ခ)ဦးမောင်ငယ်** (ကျော်အော့ဖ်ဆက်)သည် ၄-၁-၂၀၀၇ရက်တွင် နိုင်ငံတော်ကချီးမြှင့်ပေးအပ်သည့် **လူမှုထူးချွန်တံဆိပ်(ဒုတိယဆင့်)**အား ထိုက်တန်စွာ ရရှိသည့်အတွက် အတိုင်းအဆမရှိ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် နိုင်ငံအကျိုး၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး လှူဒါန်းဆောင်ရွက်နိုင်ပြီး လုပ်ငန်းများ ဆက်လက်တိုးတက် အောင်မြင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

အပေါင်းအသင်းများ

ဦးချစ်မြ၊ ဦးစိန်လွင်၊ ဦးမင်းသိန်းမြင့်၊ ဦးခင်မောင်စိုး၊ ဦးခင်မောင်မြင့်။

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း

ချစ်ဇနီး **ဒေါ်ခင်လေး** အား နိုင်ငံတော်ကချီးမြှင့်သည့် သာသနာတော်ဆိုင်ရာ **"သီရိသုဓမ္မသီဂိ"** ဘွဲ့တံဆိပ်တော်ကို ချီးမြှင့်အပ်နှင်းခြင်းခံယူရရှိပါသဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံတော်အကျိုး၊ သာသနာတော်၏အကျိုးကို မိသားစုနှင့်အတူ ဆတက်ထမ်းပိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ချစ်ခင်ပွန်း – သီဟသုဓမ္မမဏိဇောတဓရ ဦးအေးလွင်
သားကြီး – မောင်မင်းဟန်ထွန်း
[Grade-10 (G) TTC]
သမီး – မပြတ်ပန်းရွှေအိမ်စံ
[Grade-7 (G) TTC]
သားငယ်လေး – မောင်ရာမင်းမြတ်နိုင်
[Grade-5 (I) TTC]။



နှောင်စစ်သည် – သေတစ်နေ့မွေးတစ်နေ့

ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ (ငြိမ်း)၏ကိုယ်ရေးအတ္ထုပ္ပတ္တိ ထွက်ပါပြီ –

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ဒုတိယအကြိမ် ဘွဲ့နှင်းသဘင် ဓာတ်ပုံရိုက်ကူးရေး ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၀၇ခုနှစ် ဇန်နဝါရီလ ၃၁ရက်နေ့တွင် ပြုလုပ်မည့် ဒုတိယအကြိမ် ဘွဲ့နှင်းသဘင် အခမ်းအနားအတွက် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမအတွင်း(အပြင်မပါ) ဓာတ်ပုံရိုက်ကူးရေးလုပ်ငန်း ချိပ်ပိတ်စျေးနှုန်းလွှာ(တင်ဒါများ) တင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ တင်သွင်းရမည့် ချိပ်ပိတ်ဓာတ်ပုံရိုက်ကူးရေး လျှောက်လွှာ(တင်ဒါ)ပုံစံကို အတွင်းရေးမှူး ဓာတ်ပုံတင်ဒါရွေးချယ်ရေးအဖွဲ့ထံမှ တစ်စုံလျှင် ကျပ် ၂၀၀၀ (ကျပ်နှစ်ထောင်တိတိ)ဖြင့် ဝယ်ယူပြီး တင်ဒါဖွင့်ဖောက်သောနေ့တွင်ပင် စရန်ငွေ ကျပ်၁၀၀၀၀၀(ကျပ်တစ်သိန်းတိတိ)ကို ဘဏ္ဍာဌာနတွင်ပေးသွင်းပြီး ၁၆-၁-၂၀၀၇ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂း၀၀နာရီနောက်ဆုံးထား၍ ချိပ်ပိတ်စျေးနှုန်းလွှာကို သတ်မှတ်ထားသော သော့ခတ်ပြီးချိပ်ပိတ်ထားသည့် တင်ဒါပုံးအတွင်းသို့ ထည့်သွင်းရပါမည်။

၃။ တင်သွင်းထားသော ချိပ်ပိတ်စျေးနှုန်းလွှာ (တင်ဒါ)များကို ၁၆-၁-၂၀၀၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ဓာတ်ပုံတင်ဒါရွေးချယ်ရေးအဖွဲ့ဝင်များ ရှေ့မှောက်၌ ဖွင့်လှစ်ရွေးချယ်ပြီး ဓာတ်ပုံရိုက်ကူးခွင့်ရရှိသူ၏ အမည်စာရင်းကို မွန်းလွဲ ၃း၀၀နာရီတွင် ကြေညာပေးမည်ဖြစ်ပါသည်။

(ဖုန်း-၆၁၀၈၀၀သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။)

အတွင်းရေးမှူး
ဓာတ်ပုံတင်ဒါရွေးချယ်ရေးအဖွဲ့
ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်။

တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန စက်မှုညွှန်ကြားရေးဦးစီးဌာနမှ အသုံးမလိုတော့သည့် မာဇဒါဘီ-၆၀၀ မော်တော်ယာဉ်ငါးစီးအား မျက်မြင်အခြေအနေအတိုင်း ချိပ်ပိတ်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ တင်ဒါစည်းကမ်းပုံစံရောင်းချမည့်နေ့ရက် – ၁၅-၁-၂၀၀၇
၃။ တင်ဒါစည်းကမ်းပုံစံရောင်းချမည့်နေရာ – အမှတ် ၁၉၂၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့။
၄။ တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန် – ၁၉-၁-၂၀၀၇ (၁၅း၀၀)နာရီ
၅။ တင်ဒါတစ်စုံစျေးနှုန်း – ကျပ် ၅၀၀၀

မှတ်ချက်။ အသေးစိတ် အချက်များကိုသိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၆၇-၄၀၈၁၃၁နှင့် ၀၁-၅၆၂၁၉၄တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့၊
စက်မှုညွှန်ကြားရေးဦးစီးဌာန။

ထပ်တူ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်က အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၇)ဖြင့် ၂၀၀၇ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ဂုဏ်ပြုချီးမြှင့်သည့် သာသနာတော်ဆိုင်ရာ **(သီရိသုဓမ္မသီဂိ)** ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသည့် ချစ်သောအန်တီ **ဒေါ်မြရှင်** (ပုလဲရတနာရောင်းဝယ်ရေး ဝင်ဒါမီယာ)အား လှိုက်လှဲစွာ ထပ်တူ ဂုဏ်ယူဝမ်းမြောက်ပီတိဖြစ်ရပါကြောင်းနှင့်ရှေ့ဆက်လက်၍ မိသားစုနှင့်အတူ ကျန်းမာ၊ ချမ်းသာစွာ ဗုဒ္ဓသာသနာတော်၏အကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဒေါ်သန်းသန်းဝင်း(မြန်မာ့ပုလဲ)
ကိုသော်လွင်ဖြိုး-မမေဇင်မြင့်(ပေါက်ပေါက်)
သန့်ရွှေပန်းထိမ်။



လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

ဇန်နဝါရီ၈ရက်က ဗဟန်းမြို့နယ် အမှတ်(၁၉)အခြေခံပညာမူလတန်းကျောင်း ပညာရေးစုံညီပွဲတော်နှင့် ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ကျောင်းခန်းမတွင် ကျင်းပရာ စတုတ္ထတန်း မြို့နယ်ပန်းချီပြိုင်ပွဲ ပထမဆု၊ မြို့နယ်အဆင့် မြန်မာစာ ထူးချွန်ဒုတိယဆုနှင့် ဘက်စုံထူးချွန် စတုတ္ထဆု သုံးဆုရ မယဉ်ယဉ်မိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးလှိုင်က ဆုချီးမြှင့်စဉ်။ (က-ပ)

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဒ/ ၇၈၄၁ Toyota Corolla SL ယာဉ်လက်ဝယ်ရှိသူအမည် ဦးစိန်ဝင်း မှတ်ပုံတင်အမှတ် ၁၂/ဥကတ(နိုင်)၀၅၆၂၃၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊အရှေ့ပိုင်းခရိုင်ရုံး(ရန်ကုန်မြို့)။**

ကျောင်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီးမှူး စာဆိုတော်နေ့ အထိမ်းအမှတ် ဆုနှင်း၊ စာပေဟောပြော

ကျောင်းကုန်း ဇန်နဝါရီ ၈

ကျောင်းကုန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ ၁၃၆၈ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် ဆုနှင်းသဘင်နှင့် စာပေဟောပြောပွဲကို ဇန်နဝါရီ ၂ရက် ည၇နာရီက ရောဝတီတိုင်း ကျောင်းကုန်းမြို့နယ် မြို့မ မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)က ပေးပို့သော သဝဏ်လွှာကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးစံလှထွန်း(မြို့နယ် သတင်းထောက်)က ဖတ်ကြားသည်။

ဆုချီးမြှင့်

ဆက်လက်၍စာဆိုတော်နေ့အထိမ်းအမှတ် ဝတ္ထုကဗျာနှင့်ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူများအား စာရေးဆရာကြီး လယ်တွင်းသား စောချစ်၊ သန်လျင်မောင်မောင်ဦး၊ နုနုရည် (အင်းဝ)တို့က အသီးသီး ဆုများချီးမြှင့်ကြသည်။

လှူဒါန်း

ထို့နောက် စာရေးဆရာကြီး လယ်တွင်းသားစောချစ်၊ သန်လျင်မောင်မောင်ဦး၊ စာရေးဆရာမကြီး နုနုရည် (အင်းဝ)တို့က စာပေဟောပြောကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က ဂုဏ်ပြုမှတ်တမ်းနှင့် ပူဇော်ငွေများကို စာရေးဆရာကြီး၊ ဆရာမကြီးတို့အား ပေးအပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)** (၂၆၅)

ကြို့ပင်ကောက်မြို့ ကျီစုကျေးရွာ စက်ရေတွင်းဖွင့်

ကြို့ပင်ကောက် ဇန်နဝါရီ ၆

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကြို့ပင်ကောက်မြို့နယ် ကျီစုကျေးရွာ၌ စက်ရေတွင်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ရက်ကကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး ဦးအေးမြင့်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါစက်ရေတွင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ခွင့်ပြုရန်ပုံငွေကျပ် ၁၃၂၅၀၀၀ဖြင့် အကုန်အကျခံ၍ ဆောင်ရွက်ပေးခဲ့သော နှစ်လက်မပိုက် တွင်းနက်ဖြစ်ပြီး တစ်နာရီ ရေဂါလန် ၁၀၀၀ ခန့် ထွက်ရှိကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြို့နယ်သတင်းများ

ကချင်ပြည်နယ် ဝိုင်းမော်မြို့တွင် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်အောင်ဦးဆောင်သော အဖွဲ့ဝန်ထမ်းများ မြစ်ကြီးနားမြို့မှ ဝိုင်းမော်မြို့ အဝင် ဆိုင်းဘုတ်၌ သန့်ရှင်းရေးစုပေါင်းဆောင်ရွက်နေမှုကိုဒီဇင်ဘာ ၁ရက်က မြို့နယ်အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးဝင်းနိုင် ကြီးကြပ်ပေးစဉ်။

(မြို့နယ်စည်ပင်)

ဖျာပုံမြို့ အထက(၃)အာစရိယပူဇော်ပွဲ

ဖျာပုံ ဇန်နဝါရီ ၁၀

ဖျာပုံမြို့ အမှတ် (၃)အခြေခံပညာအထက်တန်းကျောင်း (ယခင်ကရင်ကျောင်း) ကျောင်းသား ကျောင်းသူများ၏ ပဌမအကြိမ် အာစရိယပူဇော်ပွဲ အခမ်းအနားကို ယခုနှစ် ဧပြီ၇ရက် နံနက်၉နာရီတွင် ဖျာပုံမြို့ အထက(၃)၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ကျောင်းသား ကျောင်းသူဟောင်းများ အလှူငွေများကို ရန်ကုန်မြို့တွင် ဒေါက်တာရီရီမြ ဖုန်း–၅၇၂၁၄၇၊ နော်ကစ်တီ ဖုန်း–၃၈၄၄၃၂၊ ဒေါ်စန်းစန်းမော် ဖုန်း– ၅၁၁၈၄၈နှင့်ဖျာပုံမြို့ အထက(၃) ကျောင်းအုပ်ဆရာကြီး ဦးကြည်တင် ဖုန်း– ၀၄၅–၄၀၃၆၁၊ ဒေါ်စန်းယဉ် (ရွှေခြင်္သေ့ သက်န်းတိုက်) ဖုန်း–၀၄၅–၄၀၇၀၇၊ ဒေါ်မြင့်မြင့်သန်းကြီး ဖုန်း–၀၄၅–၄၀၂၃၂၊ ဒေါ်မူမူရွှေ (အထပြ–၁) ဖုန်း– ၀၄၅–၄၀၀၁၈၊ ဒေါ်သန်းသန်းဝင်း (သန်းသန်းထမင်းဆိုင်)နှင့် ဦးဟိန်းဇေလင်း (ပီစီကွန်ပျူတာ) မဟာဗန္ဓုလလမ်း ရောဝတီ သဘော်ဆိပ်အနီး ဖုန်း–၀၄၅–၄၀၆၆၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၃၇၉)

ဝေဠုဝန် နိကာယ ဂဏသန္နိပါတ သံဃာ့စည်းဝေးပွဲကျင်းပမည်

ဟင်္သာတ ဇန်နဝါရီ ၁၀

ဝေဠုဝန် နိကာယ ဂဏာဓိပတိ အဘိဓဇ မဟာရဋ္ဌဂုရု ပုသိမ်မြို့ ဝေဠုဝန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနာဂဝံသ ကြီးမှူး၍ ဝေဠုဝန်နိကာယဂဏရက္ခိတ မဟာနာယက အနုနာယကအကျိုးဆောင် ဝေဠုဝန်နိကာယဂိုဏ်းဝင် သံဃာတော်များသည် ဝေဠုဝန် နိကာယ ဂဏသန္နိပါတ သံဃာ့အစည်းအဝေးကို (၁၃၆၈ ခုနှစ် တပို့တွဲလဆန်း ၁၃ ရက်နှင့် ၁၄ ရက်) ဇန်နဝါရီ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် ရောဝတီတိုင်း ဟင်္သာတမြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ရာ သံဃာ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြမည့် သံဃာတော်များအတွက် ဆွမ်း၊ ကွမ်း၊ အဖျော်ရည်များ လှူဒါန်းလိုသူများသည် ဟင်္သာတမြို့ ရတနာသီရိကျောင်းတိုက်တွင် လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

အုတ်ဖိုမြို့ အထက ကျောင်း ပညာရည်ချွန်ဆုနှင့် ဘက်စုံ ထူးချွန်ဆု ချီးမြှင့်ပွဲကို ဇန်နဝါရီ ၆ ရက်က ကျင်းပရာ မြို့နယ် ဘက်စုံ ထူးချွန်ဆုရ သတ္တမ တန်းမှ နန္ဒသီဟ အားကျောင်း အကျိုးတော် ဆောင် ဦးသိန်းကြွယ်က ဆုချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)

ရန်ကုန်အဝေးသင်တက္ကသိုလ်

e- Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့် အစီအစဉ်

(တနင်္လာမှ သောကြာ) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ

(စနေ၊ တနင်္ဂနွေ) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၁၅–၁–၂၀၀၇ (တနင်္လာနေ့)

- ❑ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ သားသမီးများ၏ အမွေဆက်ခံရေး
  - – ဒုတိယနှစ်ဥပဒေ/မဟာဥပဒေ(ပြည်တွင်း)တက်ရောက်နေသော ကျောင်းသား၊ကျောင်းသူများ။
- ❑ Priority of Maritime Lien
  - – နောက်ဆုံးနှစ်၊ မဟာဥပဒေ(ပင်လယ်ရေကြောင်းအုပ်စု) တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူများ။

၁၆–၁–၂၀၀၇ (အင်္ဂါနေ့)

- ❑ Mammalian Heart
  - – အဝေးသင်/နေ့ ပထမနှစ်သတ္တဗေဒ၊ ရုက္ခဗေဒ ကျောင်းသား၊ ကျောင်းသူများ။
- ❑ Mammalian Organs
  - – အဝေးသင်/နေ့ ပထမနှစ်သတ္တဗေဒ၊ ရုက္ခဗေဒ ကျောင်းသား၊ ကျောင်းသူများ။
  - – Transfer of ownership
  - – ဥပဒေ(နောက်ဆုံးနှစ်)ကျောင်းသား၊ ကျောင်းသူများ။

၁၇–၁–၂၀၀၇ (ဗုဒ္ဓဟူးနေ့)

- ❑ Evolution (ဆင့်ကဲဖြစ်စဉ်)
  - – မဟာသိပ္ပံအရည်အချင်းစစ် ကျောင်းသား၊ ကျောင်းသူများ။
- ❑ Pali Alphabet
  - – ပထမနှစ် အရှေ့တိုင်းပညာ၊ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ဒဿနိကဗေဒ အထူးပြု ကျောင်းသား၊ ကျောင်းသူများ။
- ❑ Work of Art and philosophy of Art
  - – နောက်ဆုံးနှစ် ဒဿနိကဗေဒနှင့် မြန်မာစာအထူးပြု ကျောင်းသား၊ ကျောင်းသူများ။

၁၈–၁–၂၀၀၇ (ကြာသပတေးနေ့)

- ❑ နောင်ရိုးတိုက်ပွဲ
  - – ပထမနှစ် မြန်မာစာအထူးပြု ကျောင်းသား၊ ကျောင်းသူများ။
- ❑ Cell Division
  - – ပထမနှစ်သတ္တဗေဒ အထူးပြုကျောင်းသား၊ ကျောင်းသူများ။
  - – Respiration
  - – ပထမနှစ်သတ္တဗေဒ အထူးပြုကျောင်းသား၊ ကျောင်းသူများ။

၁၉–၁–၂၀၀၇ (သောကြာနေ့)

- ❑ နဝရတ်ကိုးသွယ်ရောင်စုံခြယ်
  - – ပထမနှစ်(ဘူမိဗေဒ)ကျောက်မျက်ဝါသနာရှင်များ၊ အများပြည်သူများ မြန်မာ့စကားပြေအကြောင်း သိကောင်းစရာများ။
  - – ပထမ၊ ဒုတိယ၊ တတိယနှစ် (နေ့–အဝေးသင်) မြန်မာစာ ကျောင်းသား၊ ကျောင်းသူများ။

၂၀–၁–၂၀၀၇ (စနေနေ့)

- ❑ Absorption and Transport of Water and Minerals
  - – ပထမနှစ် ရုက္ခဗေဒ၊ သတ္တဗေဒ၊ ဓာတုဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ။
- ❑ Thallus Organization of Algae
  - – ပထမနှစ်ရုက္ခဗေဒ၊ သတ္တဗေဒ၊ ဓာတုဗေဒအထူးပြုကျောင်းသား၊ ကျောင်းသူများ။
- ❑ Organ
  - – ပထမနှစ်ရုက္ခဗေဒ၊ သတ္တဗေဒ၊ ဓာတုဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ။
- ❑ Basic Concept of Applied Botany
  - – ပထမနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ။
- ❑ Food, Medicine, Clothing and Shelter for Human
  - – ပထမနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ။
- ❑ Cell Division
  - – ပထမနှစ် ရုက္ခဗေဒ၊ သတ္တဗေဒ၊ ဓာတုဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ။
- ❑ The Structures and Functions of the Cell
  - – ပထမနှစ် ရုက္ခဗေဒ၊ သတ္တဗေဒ၊ အထူးပြု ကျောင်းသား၊ ကျောင်းသူများ။
- ❑ Nutrition Carbohydrates
  - – ပထမနှစ် ရုက္ခဗေဒ၊ သတ္တဗေဒ၊ အထူးပြု ကျောင်းသား၊ ကျောင်းသူများ။
- ❑ Protein
  - – ပထမနှစ် ရုက္ခဗေဒ၊ သတ္တဗေဒ၊ အထူးပြု ကျောင်းသား၊ ကျောင်းသူများ။
- ❑ The Olympic Games
  - – ပထမနှစ် အထူးပြုအားလုံး ကျောင်းသား၊ ကျောင်းသူများ။
- ❑ The Force of Gravity
  - – ပထမနှစ် အထူးပြုအားလုံးကျောင်းသား၊ ကျောင်းသူများ။
  - – Science and Scientists
  - – ပထမနှစ်အထူးပြုအားလုံး ကျောင်းသား၊ ကျောင်းသူများ။
  - – Coconut
  - – ပထမနှစ်အထူးပြုအားလုံး ကျောင်းသား၊ ကျောင်းသူများ။

၂၁–၁–၂၀၀၇ (တနင်္ဂနွေနေ့)

- ❑ Elementary Probability Theory
  - – တတိယနှစ်သင်္ချာအထူးပြု ကျောင်းသား၊ ကျောင်းသူများ။
- ❑ Pressure of Heavy Fluids
  - – တတိယနှစ်သင်္ချာအထူးပြု ကျောင်းသား၊ ကျောင်းသူများ။
- ❑ Pressure at a Point (Hydromechanics)
  - – တတိယနှစ်သင်္ချာအထူးပြု ကျောင်းသား၊ ကျောင်းသူများ။
- ❑ Fourier Series
  - – တတိယနှစ်သင်္ချာအထူးပြု ကျောင်းသား၊ ကျောင်းသူများ။
- ❑ Power Series Method
  - – တတိယနှစ်သင်္ချာအထူးပြု ကျောင်းသား၊ ကျောင်းသူများ။
- ❑ Fluid Motion
  - – တတိယနှစ်သင်္ချာအထူးပြု ကျောင်းသား၊ ကျောင်းသူများ။
- ❑ Quantum Chemistry
  - – တတိယနှစ်ဓာတုဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ။
- ❑ Biochemistry
  - – တတိယနှစ်ဓာတုဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ။
- ❑ Electrophilic Addition to Unsaturated Carbon
  - – တတိယနှစ်ဓာတုဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ။
- ❑ Environmental Chemistry
  - – တတိယနှစ်ဓာတုဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ။
- ❑ Non aqueous Solvent
  - – တတိယနှစ်ဓာတုဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) အနောက်ဘက် တိုးချဲ့မြေနှစ်ကေ ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် နိဗ္ဗာန်ကိုရည်မှန်း၍ ဒေါ်တင်တင်ဝင်းမိသားစု အမှတ်(၂၄) အိမ်ကြီးလမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့က အလှူငွေကျပ် နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော် ပြည်တော်သာ အရှင်စန္ဒန(ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ချောင်းဦးမြို့ စံပြ(၁)လမ်း ကျောက်ချောလမ်းခင်း

ချောင်းဦး ဒီဇင်ဘာ ၂၀

ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်တွင်ဆောင်ရွက်သည့် မြို့တွင်းစံပြ(၁)လမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းကို ဒီဇင်ဘာ ၂ ရက်က အမှုဆောင်အရာရှိ ဦးသန်းဦးနှင့်လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာ အငယ်တန်းအင်ဂျင်နီယာ (၂) ဦးဝင်းမြင့်တို့ လုပ်ငန်းအရည်အသွေးနှင့် သတ်မှတ်စံချိန် စံညွှန်းနှင့်အညီ ပြီးစီးနိုင်ရေး ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ရန်ကုန်မြို့ ဗဟန်း မြို့နယ် ရွှေတောင်ကြားရပ်ကွက် အင်းလျား မြိုင်လမ်း အမှတ် (၃၈)နေ ဦးမောင်မောင်-ဒေါ် ဒေါ် ကျော့၊ (အဖ) ဦးဘတိုးတို့ကို ရည်စူး၍ ဒေါက်တာမျိုးမြင့်အောင်- ဒေါ်ခင်စောနု၊ (မြေး) ကောင်းခန့်သွင်

မိသားစုက ဒဂုံမြို့နယ်အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၀၅၀၀၀ ကို တိပိဋကဓရ ဆရာတော်ဘဒ္ဒန္တ ကုဏ္ဍာစရိယထံ ရေစက်ချအနုမောဒနာတရားနာ ယူပြီး တိ=နိ (ရန်ကုန်ဌာန)အတွင်းရေးမှူးဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဆုချီးမြှင့်

တာမွေမြို့နယ် အမက(၁၂)၏ ပညာရေး စုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၆ရက်က ကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးစိုးမြင့်က စတုတ္ထတန်းမှ မြို့နယ်အဆင့် စာစီစာကုံး ပထမဆုရ မခိုင်သဥ္ဇာလင်းအား ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဟိုပင်မြို့ အောင်မင်္ဂလာလမ်း ကွန်ကရစ်တံတားပြုပြင်

ဟိုပင် ဒီဇင်ဘာ ၂၀

ဟိုပင်မြို့တွင် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ အောင်မင်္ဂလာလမ်း ကွန်ကရစ်တံတားပြုပြင် ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၁ရက်က မြို့တာဝန်ခံ ဦးသိန်းထူးနှင့်တာဝန်ခံ အင်ဂျင်နီယာဦးအင်န်ခွန်းအောင်တို့ ကြီးကြပ် ဆောင်ရွက်ပေးကြကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် ရိပ်သာဆောက်လုပ်ရန်အတွက် ဒီဇင်ဘာ ၂၄ ရက်က အောင်သဒ္ဓိအောင်မင်္ဂလာလမ်း (၃)ရပ်ကွက် မရမ်းကုန်းမြို့နယ်နေ ဒေါ်ရှုတင် မိသားစုက အလှူငွေကျပ် ၁၅၀၀၀၀ လှူဒါန်းရာ ဆရာတော် ဦးပညာနန္ဒနှင့် ဥက္ကဋ္ဌဦးကျော်ဦးတို့က လက်ခံယူစဉ်။ (က-ပ)

နှစ်ပတ်လည်တွေ့ဆုံပွဲ ဖိတ်ကြားခြင်း

သူငယ်ချင်းရောင်းရင်းများ နှစ်ပတ်လည်တွေ့ဆုံပွဲကို အောက်ပါ အစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါသဖြင့် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၄-၁-၂၀၀၇(တနင်္ဂနွေနေ့)
အချိန် - နံနက် ၉နာရီ
နေရာ - အမှတ် ၆၅၊ လေးထောင့်ကန်လမ်း၊ မာန်အောင်ရပ်ကွက်၊ တာမွေမြို့နယ်။

သူငယ်ချင်းများကိုယ်စား ဇနီး သို့မဟုတ် မိသားစုဝင်တစ်ဦးဦးလည်း တက်ရောက်နိုင်ပါသည်။

ဖိတ်ကြားရေးကော်မတီ
O.T.S(31)၊ သီဟတပ်ခွဲကျောင်းဆင်းများ။

ခွေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ဗိုလ်ပြည့်ဖြိုးအောင် B.C.Sc(D.S.A)
နှင့်
မရွှေဖူးငုံ 2nd year (Chem)

တို့သည် ၂၈-၁၂-၂၀၀၆ရက်တွင် နှစ်ဖက်သော လူကြီးများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

ဗိုလ်ပြည့်ဖြိုးအောင်-မရွှေဖူးငုံ။

အမည်ပြောင်း

မြစ်ကြီးနားမြို့၊ အထက(၃) နဝမတန်း(E)မှ အဖဦးမင်းဇော်၏သား မောင်စိုးလင်းဇော်အား မောင်ရဲရင့်ထွန်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်ရဲရင့်ထွန်း။

တစ်ဦးတည်းဖြစ်ကြောင်း

စလင်းမြို့နယ် ရုံးပင်ကန်ကျေးရွာအုပ်စု မောင်ကော့ကန်ကျေးရွာနေ (ဘ) ဦးတိုး၏ သားဖြစ်သူ မောင်မင်းမင်းစိုး ၈/စလန(နိုင်)၁၁၃၉၇၀နှင့် မောင်မျိုးမင်းစိုးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မောင်မင်းမင်းစိုး(ခ)မျိုးမင်းစိုး။

မီးစက်ရောင်းမည်

HP -150 KVA-180

အမြန်ရောင်းမည် (ဈေးနှုန်းချိုသာစွာဖြင့်)။ **ဖုန်း-၇၂၄၀၄၃။**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မြေတိုင်းရပ်ကွက်(၆၅) မြေကွက်အမှတ်(၁၁၃၀-က) အကျယ်အဝန်း (၂၀'X၆၀') အမည်ပေါက် ဦးငွေအောင်၏ ပါမစ်ပျောက်ဆုံးသွားပါသဖြင့် ပါမစ်မိတ္တူမှန်ထုတ်ပေးပါရန် အမည်ပေါက် ဦးငွေအောင် (စီဇက်အန်-၁၂၃၁၉၇) မှလျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း အထောက်အထား မှုရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်သည့်အထိ ကန့်ကွက်ခြင်းမရှိပါက မူလပါမစ်အား ပယ်ဖျက်၍ ပါမစ်မိတ္တူမှန်ထုတ်ပေးမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။ **မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။**



သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့ အမှတ်(၁၁၅)၊ (၁၅၇)လမ်း တာမွေကြီး(က+ဂ) ရပ်ကွက် ဦးအီစွတ်-ဒေါ်ခင်မြတို့၏ သား မြင့်ငွေးသည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စမှန်သမျှ (လုံးဝ) တာဝန်မယူပါ။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးအီစွတ် CCII-၀၄၅၂၇၀
ဒေါ်ခင်မြ တမန(နိုင်)၀၅၂၅၁၃။

၂၀၀၇ခုနှစ် - နှစ်သစ်ကိုကြိုဆိုသောအိမ်ရာမြေအရောင်းပွဲတော်
(1.1.2007 မှ 31.1.2007) အတွင်း
"ယုဇနဆောက်လုပ်ရေးအဖွဲ့၏မွန်မြတ်သောစေတနာ"

(လူတိုင်း လူတိုင်း တိုက်နှင့် မြေနှင့် နေနိုင်ရမည်)

- အဆင်သင့်နေနိုင်သည့် တိုက်ခန်းသစ်များ၊ တည်ဆောက်ဆဲတိုက်ခန်းများ၊ ဆိုင်ခန်းများ၊ မြေကွက်များ၊ လုံးချင်းအိမ်များ
- လှိုင်မြို့နယ်၊ကမာရွတ်မြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျောက်တံတားမြို့နယ်၊သာကေတမြို့နယ်၊ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒဂုံမြောက်မြို့နယ်
- တိုက်ခန်းမျိုးစုံ၊ အထပ်စုံ၊ အရွယ်စုံ HALL TYPE , ROOM TYPE
- လူနေခန်းပဲလုပ်လုပ်၊ ရုံးခန်းပဲလုပ်လုပ်၊ စီးပွားရေးပဲလုပ်လုပ်၊ ကြိုက်တာလုပ်နိုင်သည့် အခန်းများ

ပွဲတော်ကာလအတွင်း ၁၀% မှ ၃၀% အထိ လျှော့၍ ဦးရာလူစနစ်ဖြင့် ရောင်းချပေးပါမည်။

အမြတ်ခွန်ကို ဝယ်ယူသူမှ ပေးရန်မလိုပါ၊ ရောင်းချသူမှ ပြည်တွင်းအခွန်ဦးစီးဌာနသို့ ပေးသွင်းပါမည်။

တိုက်ခန်းတန်ဖိုးအနည်းဆုံး ကျပ် (၂၄)သိန်း ဖြစ်ပါတယ်။

အနယ်နယ်အရပ်ရပ်မှ စဉ်ဆက်မပြတ် ဝယ်ယူအားပေးသူအားလုံးကို အထူးကျေးဇူးတင်လျက်ရှိပါကြောင်း။

အရောင်းဌာန - ယုဇနစင်တာ (ရုံးချုပ်)၊ တတိယထပ်၊ အမှတ် (၁၃၀) ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၅၄၀၇၄၅၊ ၅၄၀၇၄၆၊ ၅၄၀၇၄၇

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ) အမှတ်စဉ်(၃၈) သင်တန်းသားများ လေ့လာရေးခရီးစဉ်နှင့် စပ်လျဉ်း၍ ညှိနှိုင်းစည်းဝေး

နေပြည်တော် ဇန်နဝါရီ ၁၁

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ) လေးနှစ်သင်တန်း အမှတ်စဉ်(၃၈) သင်တန်းသား သင်တန်းသူများ၏ လေ့လာရေးခရီးစဉ်နှင့်စပ်လျဉ်းသည့် ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော် တိုင်းစစ်ဌာနချုပ် ပေါင်းလောင်းခန်းမ၌ ကျင်းပရာ သင်တန်းသားလေ့လာရေးခရီးစဉ် စီမံခန့်ခွဲရေး လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ သင်တန်းသားလေ့လာရေးခရီးစဉ် စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ဝင်များ၊ အထောက်အကူပြု လုပ်ငန်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပူးပေါင်းဆောင်ရွက်

ရှေးဦးစွာ သင်တန်းသားလေ့လာရေးခရီးစဉ် စီမံခန့်ခွဲရေးလုပ်ငန်း အဖွဲ့ဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က အမှာစကားပြောကြားရာတွင် သင်တန်းသားလေ့လာရေးခရီးစဉ်အတွက် ***စာမျက်နှာ ၆ ကော်လံ ၁*** ●

ဇန်နဝါရီ ၁၁ ရက်က ဖိလစ်ပိုင်သမ္မတနိုင်ငံ စီးဘူးမြို့၌ ကျင်းပမည့် (၁၂)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံနှင့် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန်ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Joselito Chad N. Jacinto JR ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ သင်တန်းသားလေ့လာရေးခရီးစဉ် စီမံခန့်ခွဲရေး လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့(ဘီအီးဒီ) လေးနှစ်သင်တန်း အမှတ်စဉ်(၃၈) သင်တန်းသား သင်တန်းသူများ၏ လေ့လာရေး ခရီးစဉ်နှင့်စပ်လျဉ်းသည့် ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အာဆီယံချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ မြန်မာ–ထိုင်း ယှဉ်ပြိုင်ကစားပုံများ

MRTV-4 မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

ရန်ကုန် ဇန်နဝါရီ ၁၁

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် ၂၀၀၇ အာဆီယံ ချန်ပီယံရှစ်ဘောလုံး ပြိုင်ပွဲ အုပ်စု(က)ပွဲစဉ်အဖြစ် ဇန်နဝါရီ ၁၂ ရက်(ယနေ့) **ညနေ ၆ နာရီခွဲတွင် မြန်မာနှင့် ထိုင်း ယှဉ်ပြိုင်ကစားပုံများကို MRTV-4 မှ တိုက်ရိုက်ထုတ်လွှင့် ပြသမည်ဖြစ်ကြောင်း သိရှိရသည်။** (သတင်းစဉ်)

နျူကလီးယားလက်နက်ထုတ်လုပ်သည်ဟု အမေရိကန်တို့ တစ်ဖက်သတ်စွပ်စွဲ အီရန်၏ နျူကလီးယားအစီအစဉ်သည် ငြိမ်းချမ်းရေးအတွက်သာဖြစ် မည်သည့်ဖိအားပေးမှုကိုမျှ လက်ခံမည်မဟုတ်ဟု အီရန်သမ္မတပြောကြား

တီဟီရန် ဇန်နဝါရီ ၁၁

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်သည် ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ခြင်းဖြစ်သလို ပြည်တွင်း၌ နျူကလီးယားစွမ်းအင်ရရှိရေး အတွက် လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ အမေရိကန်တို့ တစ်ဖက်သတ်စွပ်စွဲထားသည့် နျူကလီးယားလက်နက်ထုတ်လုပ်ရေးအတွက် ဆောင်ရွက် နေခြင်းလည်း မဟုတ်ကြောင်း အီရန်သမ္မတ အာမက်ဒီနီဂျက်က ဇန်နဝါရီ ၉ ရက်၌ ပြောကြားလိုက်သည်။

လုံးဝလက်ခံမည်မဟုတ်

အီရန်၏ နျူကလီးယားအစီအစဉ်ကို အမေရိကန်တို့ တစိုက်မတ်မတ် ဟန့်တားနေခြင်းမှာ အရှေ့အလယ်ပိုင်းဒေသ၌ အမေရိကန်တို့ ဩဇာလွှမ်းမိုးမှုကို အတားအဆီးတစ်ရပ်သဖွယ်ဖြစ်သည်ဟု ခံယူထား၍ဖြစ်ကြောင်း၊ အီရန်သည် အမေရိကန်တို့၏ မည်သည့်ဖိအားပေးမှုကိုမျှ လက်ခံမည် မဟုတ်ကြောင်း အီရန်သမ္မတ အာမက်ဒီနီဂျက်က ဆက်လက်ပြောကြားသည်။

အခွင့်အရေးရရှိရမည်

ထို့အပြင် အီရန်နိုင်ငံသည် ကမ္ဘာပေါ်တွင် စတုတ္ထမြောက် ရေနံထုတ်လုပ်မှု အမြင့်မားဆုံးနိုင်ငံဖြစ်ကြောင်း၊ နျူကလီးယားစွမ်းအင်လည်း ပိုင်ဆိုင်သင့်သည့်နိုင်ငံဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအချို့ နျူကလီးယားစွမ်းအင်ပိုင်ဆိုင်ကြသည့်နည်းတူ အီရန်နိုင်ငံကလည်း ၎င်းအခွင့်အရေးရရှိရမည် ဖြစ်ကြောင်း အာမက်ဒီနီဂျက်က ပြောကြားသည်။

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်များသည် နျူကလီးယားလက်နက်များ ထုတ်လုပ်ရန် ကြိုးစားနေခြင်းသာဖြစ်သည်ဟူသော ဝါရှင်တန်၏ စွပ်စွဲချက်များကိုလည်း အီရန်သမ္မတက ပယ်ချလိုက်သည်။

အီရန်နိုင်ငံသည် မည်သို့သော ဖိအားပေးအကျပ်ကိုင်မှုမျိုးကိုမဆို လက်ခံမည်မဟုတ်ဘဲ မိမိတို့၏ နျူကလီးယားအစီအစဉ်များကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်သည်ဟု အီရန်ခေါင်းဆောင်က ဆက်လက်ပြောကြားသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

နိုဘယ်လ်ဆု၏ သရုပ်မမှန်မှုများကား ပြောမဆုံးပေါင် တောသုံးတောင်ဆိုသလို များလှချေသည်။ နိုဘယ်လ်ဆုကို အနောက်အုပ်စုက စစ်အေးတိုက်ပွဲတွင် ဆိုဗီယက်နှင့် ဆိုရှယ်လစ် နိုင်ငံများအား ဆန့်ကျင်ဖြိုချရေး၌ အသုံးချခဲ့သည်။ စစ်အေးလွန်ကာလဟုဆိုသော ယနေ့ကာလ၌လည်း ဆိုရှယ်လစ်လက်ကျန်နိုင်ငံများ ဖြိုချရေး၊ အမေရိကန်ကိုဆန့်ကျင်သော၊ အမေရိကန်၏ ဗိုလ်ကျစိုးမိုးမှုနှင့် ဩဇာလွှမ်းမိုးမှုကို မခံသော အမျိုးသားရေးအလေးထားသည့်နိုင်ငံများကို ဖြိုချရေးတို့၌ နိုဘယ်လ်ဆုကိုပင် အသုံးချနေဆဲဖြစ်။

မောင်ဖိုးမှတ်၏ နယ်ချဲ့လက်သစ်၏ အသုံးတော်ခံဘဝ ရောက်နေရသည့် နိုဘယ်လ်ဆု ဆောင်းပါး(စာ– ၈ နှင့် ၉) တွင် ဖတ်ရှုနိုင်ပါသည်။